# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်ထုတ်ဝေခဲ့သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 21 May 2023 ၁၁၁၀၂


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

# သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ ကျင်းပ

## ယခုအခါ လှူဒါန်းမှုများအနေဖြင့် အခြားနေရာများမှမပါ စုစုပေါင်းငွေကျပ် ဘီလီယံ ၂၀ ခန့်ရှိပြီဖြစ်

**နေပြည်တော် မေ ၂၀**

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(Severe Cyclonic Storm)“မိုခါ” (MOCHA) ဝင်ရောက်မှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးခင်မောင်ရီ၊ ဦးမင်းနောင်နှင့် ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်
ရာပြည့်အထိမ်းအမှတ်အခမ်းအနား
၂၀၂၃ ခုနှစ် မေလ ၂၆ ရက်

မြန်မာနိုင်ငံတက္ကသိုလ်အဆင့် သစ်တောပညာကို ၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် နှစ် (၁၀၀) ပြည့်မြောက်သဖြင့် ရာပြည့်အထိမ်းအမှတ် အခမ်းအနားအား ၂၀၂၃ ခုနှစ် မေလ ၂၆ ရက်နေ့တွင် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပပါမည်။

ကြေးမုံ

# နိုင်ငံ့အကျိုးစီးပွားဖျက်ဆီးသည့် အဆိုးမြင်ဝါဒီများဖယ်ရှား

မြန်မာနိုင်ငံတွင် ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန်၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အလေးထားလုပ်ဆောင်နေသည့်အချိန်အခါတွင် ဖြစ်ပေါ်တိုးတက်မှုများကို မလိုလားမရှုဆိတ်နိုင်သည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် အဆိုးမြင်အယူအဆများ မပြတ်သွတ်သွင်းနေသည်ကို မြင်တွေ့ကြားသိကြရပေမည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှု၊ စစ်မှန်သောဒီမိုကရေစီ ပြန်လည်တည့်မတ်ထွန်းကားရေးဆောင်ရွက်မှု၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ကျော်လွှားရေး၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုစသည့် နိုင်ငံနှင့်ပြည်သူ အကျိုးပြုဆောင်ရွက်မှုတို့အပေါ် အထင်အမြင်လွဲမှားစေရန်၊ ပျက်စီးရာပျက်စီးကြောင်းဖြစ်စေရန် ပြည်တွင်း၊ ပြည်ပအဖျက်သမားများက အမျိုးမျိုးအဖုံဖုံ ဖျက်လိုဖျက်ဆီးပြုလုပ်နေကြသည်။ ထိုသို့ပြုလုပ်မှုကြောင့် ပညာတတ်သောပြည်သူတို့သည်ပင် အတွေးအခေါ်အယူအဆလွဲမှားပြီး လမ်းမှားပေါ်သို့ ရောက်ရှိသွားသူများရှိပေသည်။ အသိအမြင်ဗဟုသုတနည်းပါးသူများဆိုလျှင် ဆိုဖွယ်ရာမရှိပေ။ ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲ အဟန့်အတားများကြားမှ ဆောင်ရွက်နေရသည်။

လက်ရှိတွင် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော မုန်တိုင်းသင့်ဒေသများအား နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်များ၊ အလှူရှင်များ၊ လူမှုအဖွဲ့အစည်းများက အားတက်သရောဖြင့် အစွမ်းကုန်ချက်ချင်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေချိန်တွင် လူသားအချင်းချင်း စာနာထောက်ထားသောအားဖြင့် ကရုဏာ၊ မေတ္တာ၊ မုဒိတာပွား သို့မဟုတ် ရိုင်းပင်းကူညီဖေးမရမည့်အစား ရခိုင်ပြည်နယ်တွင် ကူညီထောက်ပံ့မှုများ လိုအပ်နေသည်၊ ကင်းမဲ့နေသည်၊ ဒေသခံပြည်သူများ ဒုက္ခအခက်အခဲများကြုံတွေ့နေရသည်၊ ဘင်္ဂါလီလူမျိုး ၄၀၀ သေဆုံးသည် စသည့် မမှန်ကန်သောသတင်းများကို လူမှုကွန်ရက်များပေါ်တွင် ထုတ်လွှင့်ကာ ပြည်သူများ အထိတ်တလန့်ဖြစ်အောင်၊ စိုးရိမ်ပူပန်မှုဖြစ်အောင်၊ အထင်အမြင်လွဲမှားပြီး နာကြည်းမုန်းတီးစိတ်များဖြစ်လာအောင် ပြုလုပ်နေကြသည်ကိုတွေ့ရသည်။

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်) (၁/၂၀၂၃)မှ သင်တန်းသား သင်တန်းသူများနှင့် နည်းပြအုပ်ချုပ်သူများ တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “မောင်တို့မယ်တို့သည် အမိနိုင်ငံတော်ကြီးထဲတွင် မွေးဖွားသူများဖြစ်သည်နှင့်အညီ အမိနိုင်ငံတော်ကြီး၏ သမိုင်းကြောင်းအစဉ်အလာများကို ကောင်းစွာသိရှိနားလည်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံ၏မြန်မာ့သမိုင်းနှင့် တပ်မတော်၏သမိုင်းသည် ဒွန်တွဲလျက်ရှိနေခြင်းကို သိရှိနားလည်ပြီး နိုင်ငံ၏အကျိုးစီးပွားကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အဆိုးမြင်အယူအဆများကို မောင်တို့မယ်တို့အနေဖြင့် တွန်းလှန်ဖယ်ရှားနိုင်ကြရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရမည်ဖြစ်ကြောင်း၊ သို့မှလည်း မီဒီယာအပါအဝင် အဘက်ဘက်မှ ထိုးနှက်တိုက်ခိုက်မှုများကို တုံ့ပြန်နိုင်မည်ဖြစ်ပြီး တိုင်းပြည်က အားထားရသည့် မျိုးဆက်သစ်မောင်မယ်များ ဖြစ်လာကြမည်ပင်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

လူငယ်လူရွယ်များဟူသည် ဖြူစင်လင်းလက်နေသည့်နှလုံးသားများကိုပိုင်ဆိုင်ထားကြသည်။ သို့သော် လူငယ်လူရွယ်များအား မသမာသူများနှင့် စေတနာမဖြောင့်ဖြူးသူများက အရောင်ဆိုးခဲ့ကြသည်။ ယခုအခါ နိုင်ငံရေးကို အကြောင်းပြု၍ လူငယ်လူရွယ်များ အတွေးအခေါ်လွဲမှားအောင် ဖန်တီးလုပ်ဆောင်မှုများရှိခဲ့ရာ တန်ဖိုးကြီးမားသည့် လူငယ်လူရွယ်များ၊ ပညာတတ်အရင်းအမြစ်များ အဟောသိကံဖြစ်ခဲ့ရသည်ကို စိတ်မကောင်းဖွယ်တွေ့ရသည်။ မိမိသားသမီး၊ မိသားစုသဖွယ် စာနာစိတ်မထားဘဲ အခြားလူငယ်လူရွယ်ပြည်သူများအား အထင်အမြင်လွဲမှားလမ်းမှားရောက်အောင် ဖန်တီးလှုံ့ဆော်မှုများမှာ စက်ဆုပ်ဖွယ်ဖြစ်သည်။ ယခုနွေရာသီကျောင်းပိတ်ရက်များတွင် ကိုယ်ပိုင်အချိန်ကို အကျိုးမဲ့အချည်းနှီးမဖြစ်စေဘဲ မိမိအတွက်၊ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အသိပညာ၊ အတတ်ပညာသင်တန်းများ ဆည်းပူးကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ အထူးသဖြင့် အနာဂတ်တွင် အားထားရမည့် လူငယ်လူရွယ်များ အသိအမြင် အတွေးအခေါ် အယူအဆ မလွဲမှားဘဲ မှန်ကန်သော အသိအမြင်ခံယူချက်များ ရှိနေစေရန်အတွက် နိုင်ငံနှင့်ပြည်သူ၏ အကျိုးစီးပွားများ ပျက်စီးရာပျက်စီးကြောင်း တစိုက်မတ်မတ် ဖျက်လိုဖျက်ဆီးပြုလုပ်နေသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တွန်းလှန်ဖယ်ရှားကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးထက်အောင် ကို ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မင်းလှမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးအပ်ပွဲ ကျင်းပ



မင်းလှ မေ ၂၀

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲရုံး၌ မိုးစပါးစိုက်တောင်သူများ စိုက်ပျိုးရေးလုပ်ငန်း အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးအပ်ပွဲ အခမ်းအနားကို မေ ၁၉ ရက်က ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) ရန်ကုန်မြို့၏ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးက တောင်သူများအနေဖြင့် သီးနှံပေါ်ချိန်တွင် ချေးငွေများ အချိန်မီပြေကျေစွာ ပေးဆပ်ပြီးနောက် ချေးငွေရယူခြင်းဖြင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဘဏ်နှင့်တောင်သူများအကြား နှစ်ကာလရှည်ကြာစွာ အတူလက်တွဲဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စုပေါင်း ၅၆ အုပ်စုမှ အချိန်စေ့လွန်ကြွေးဟောင်းကြွေးကျန်မရှိ ချေးငွေအားလုံး ပြေကျေသည့် ရှမ်းကုန်းကျေးရွာအုပ်စုမှ တောင်သူ ၄၀ ၏ ကေပေါင်း ၂၅၉ ကေအတွက် တစ်ကေလျှင် တစ်သိန်းခွဲနှုန်းဖြင့် ငွေကျပ် ၃၈၈၅၀၀၀၀ ကို အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

မင်းလှမြို့နယ်တွင် မိုးစပါးစိုက်ပျိုးစရိတ်ချေးယူမည့် ကျေးရွာအုပ်စုပေါင်း ၅၆ အုပ်စုမှ တောင်သူ ၆၇၂၃ ဦး၏ စပါးစိုက်ကေပေါင်း ၄၆၉၃၂ ကေအတွက် တစ်ကေလျှင် တစ်သိန်းခွဲနှုန်းဖြင့် ငွေကျပ်သန်း ၇၀၃၉ ဒသမ ၈၀ ကို စက်တင်ဘာလကုန်ထိ ထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | – | ဦးဝင်းနိုင် |
| စာတည်းများ | – | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| ဘာသာပြန် | – | ဦးနိုင်လင်းကြည်၊ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ |
| အကြီးတန်း သတင်းထောက်များ | – | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| အငယ်တန်း သတင်းထောက်များ | – | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| သုတေသန | – | ဒေါ်ဇင်မာဝင့် |
| စာပြင် | – | ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | – | ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁







နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံရယူစဉ်။

☆ ရှေ့ဖုံးမှ

တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ပြောကြားရာတွင် ပြီးခဲ့သည့် ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA)ကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးခဲ့မှုများအပေါ် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် ယခုကဲ့သို့ စာနာမှုအပြည့်ဖြင့် ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းသည့်အတွက် လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဟူသည် တားဆီး၍ ရနိုင်သည့်အရာမဟုတ်ဘဲ ဖြစ်ပေါ်လာနိုင်သည်များကို မည်ကဲ့သို့ ကြိုတင်ပြင်ဆင်ကာကွယ်နိုင်မည်၊ ဖြစ်ပေါ်ပြီးပါက ပျက်စီးဆုံးရှုံးခဲ့ရသည်များကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို ကြိုတင်စဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဝင်ရောက်ခဲ့သည့် အတွေ့အကြုံများရှိခဲ့ပြီး သဘာဝဘေးဒဏ်ကို ခါးသီးစွာခံစားခဲ့ရကြောင်း၊ ထိုနောက်ပိုင်း အစိုးရနှစ်ဆက်တွင် သဘာဝဘေးဒဏ်အချို့ကို တွေ့ကြုံခဲ့ရသော်လည်း ကြီးမားသည့် သဘာဝဘေးများမရှိခဲ့ကြောင်း၊ နာဂစ်မုန်တိုင်းဖြစ်ပွားချိန်တွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သဖြင့် ပြည့်စုံစွာ ကြိုတင်ကာကွယ်ပြင်ဆင်နိုင်ခြင်း မရှိသော်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ တပ်မတော်ပိုင်းတွင်လည်း ကြိုတင်ပြင်ဆင်မှုများစွာကို ဆောင်ရွက်ခဲ့ကြောင်း၊ သဘာဝဘေးဒဏ်များ မကျရောက်မီကတည်းကပင် ကမ်းရိုးတန်းဒေသများရှိ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များ၌ အဆောက်အအုံများကို Slab ဖြင့်သာ အမိုးမိုးစေခဲ့ပြီး သဘာဝဘေးကို ကြိုတင်မျှော်တွေး ပြင်ဆင်ဆောင်ရွက်ခဲ့သောကြောင့် ထိခိုက်ပျက်စီးမှုများ မရှိသလောက်နည်းပါးခဲ့သည်ကို လက်တွေ့ တွေ့မြင်ခဲ့ရကြောင်း၊ ထို့ပြင် နာဂစ်အတွေ့အကြုံများအရ ဆိုင်ကလုန်း Shelter များနှင့် Multipurpose သုံးနိုင်သည့် အဆောက်အအုံများကိုလည်း ကမ်းရိုးတန်းဒေသများနှင့် ရခိုင်ပြည်နယ်တို့တွင် ဆောက်ပေးခဲ့သော်လည်း လိုအပ်မှုများ ရှိနေသေးသည်ကို တွေ့ရှိရကြောင်း။

**တစ်ခုသာလျှင် ဝင်ရောက်ခဲ့**

မုန်တိုင်းနှင့်ပတ်သက်၍ မုန်တိုင်းကျရောက်နိုင်ကြောင်းကို မိုးလေဝသသတင်းများနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအရ သိရှိခဲ့ရကြောင်း၊ တောင်တရုတ်ပင်လယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းနှင့် အိန္ဒိယသမုဒ္ဒရာအတွင်းဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းတို့ဖြစ်ကြောင်း သိရှိရပြီး မိမိတို့အနေဖြင့် သတိကြီးစွာထား၍ စောင့်ကြည့်ခဲ့ကြောင်း၊ ကံကောင်းစွာဖြင့် တောင်တရုတ်ပင်လယ်အတွင်းဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းသည် ပျက်ပြယ်သွားခဲ့ကြောင်း၊ အဆိုပါမုန်တိုင်းနှစ်ခုဆုံမည်ဆိုပါက မူလတွင် ရန်ကုန်နှင့် စစ်တောင်းမြစ်ဝဘက်သို့ တနင်္သာရီကမ်းရိုးတန်းကြားမှ ဝင်ရောက်မည်ဟု ကြိုတင်ခန့်မှန်းထားမှုများရှိခဲ့ကြောင်း၊ စစ်တောင်းမြစ်ဝဘက်တွင် ယခင်က သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ဖူးခြင်း မရှိသဖြင့် မိမိအနေဖြင့် အထူးစိုးရိမ်ခဲ့ရပြီး သတိပေးအမိန့်များ ထုတ်ပြန်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ကံကောင်းစွာဖြင့် မုန်တိုင်းနှစ်ခုအနက် တစ်ခုသည် ပျက်ပြယ်ခဲ့ပြီး တစ်ခုသာလျှင် ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း။

မုန်တိုင်းဝင်ရောက်မည်ဟု သေချာသည့် ခန့်မှန်းမှုများရရှိသည့်အချိန်တွင် မိမိတို့အနေဖြင့် အနီရောင်အဆင့် မုန်တိုင်းသတိပေးချက်ကို ဆောလျင်စွာ ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်ရန်လိုအပ်ချက်များကို ဆောလျင်စွာ ပြင်ဆင်စေခဲ့သောကြောင့် ရွှေ့ပြောင်းမှုများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူခဲ့ကြောင်း၊ မုန်တိုင်းအမှန်တကယ် မဝင်ရောက်မီ ရွှေ့ပြောင်းရန် တစ်ရက်ကြိုတင်ပြင်ဆင်ချိန်ရရှိခဲ့ပြီး လူထိခိုက်သေဆုံးမှုများလည်း နည်းပါးခဲ့ကြောင်း၊ တစ်နာရီလျှင် ၁၃၅ မိုင်နှုန်းဖြင့် တိုက်ခတ်သည့် လေပြင်းအရှိန်သည် အလွန်ပြင်းထန်ပြီး နာဂစ်မုန်တိုင်း တိုက်ခတ်စဉ်ကထက် ပိုမိုပြင်းထန်ကြောင်း၊ မိမိတို့သွားရောက်ကြည့်ရှုသည့် အချိန်တွင်လည်း ထိခိုက်ပျက်စီးမှုများ အလွန်များပြားသည်ကို တွေ့ရှိခဲ့ရကြောင်း။

**စေတနာသဒ္ဒါတရားကြီးမားမှု**

မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးချိန်တွင် လိုအပ်သည့် အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အရေးပေါ်အစည်းအဝေးကို မေ ၁၅ ရက် နံနက်ပိုင်း၌ ပြုလုပ်လျက်ရှိစဉ် အလှူရှင်များက သဘာဝဘေးဒဏ်သင့် ဒေသများအတွက် အလှူငွေများ လာရောက်လှူဒါန်းလိုကြောင်း သိရှိရသဖြင့် အရေးပေါ် အလှူငွေလက်ခံခြင်းအခမ်းအနားတစ်ခု ပြုလုပ်ခဲ့ကြောင်း၊ အခမ်းအနားကို အချိန်တိုအတွင်းစီစဉ်ခဲ့ရပြီး စုစုပေါင်းအလှူငွေ ကျပ်သိန်းပေါင်း ၁၃၁၈၁၀ ကို လက်ခံရရှိခဲ့ကြောင်း၊ မိမိတို့မြန်မာလူမျိုးတို့၏ စေတနာသဒ္ဒါတရားကြီးမားမှုနှင့် စာနာစိတ်၊ မေတ္တာစိတ်အရင်းခံကိုလည်း တွေ့မြင်ခဲ့ရပြီး လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း။

**ပျက်စီးဆုံးရှုံးမှုများပြားခဲ့**

သဘာဝဘေးဒဏ် သင့်ခဲ့ရသည့် ဒေသများသို့ သွားရောက်ကြည့်ရှုခဲ့ရာတွင်လည်း ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်ယူ၍ ပြန်လည်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လူအင်အားအများအပြားဖြင့် ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ အများအပြားကို သဘာဝဘေးဒဏ်သင့်ဒေသများသို့ စေလွှတ်၍ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ကူညီ ဆောင်ရွက်စေလျက်ရှိကြောင်း။

သဘာဝဘေးဒဏ်ကျရောက်ခဲ့ရာတွင် မိမိတို့အတွက် အတွေ့အကြုံများစွာလည်း ရရှိခဲ့ကြောင်း၊ အဆိုးအကောင်း၊ အကျိုးအပြစ်များကိုလည်း တွေ့မြင်ခဲ့ရပါကြောင်း၊ လူတို့၏ အားနည်းချက်ကြောင့်လည်း သဘာဝဘေးသင့်သည်များကိုလည်း

စာမျက်နှာ ၄ သို့ ☆

○ မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးချိန်တွင် လိုအပ်သည့် အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး အရေးပေါ်အစည်းအဝေးကို မေ ၁၅ ရက် နံနက်ပိုင်း၌ ပြုလုပ်လျက်ရှိစဉ် အလှူရှင်များက သဘာဝဘေးဒဏ်သင့်ဒေသများအတွက် အလှူငွေများ လာရောက်လှူဒါန်းလိုကြောင်း သိရှိရသဖြင့် အရေးပေါ် အလှူငွေလက်ခံခြင်းအခမ်းအနားတစ်ခု ပြုလုပ်ခဲ့

○ အခမ်းအနားကို အချိန်တိုအတွင်းစီစဉ်ခဲ့ရပြီး စုစုပေါင်းအလှူငွေ ကျပ်သိန်းပေါင်း ၁၃၁၈၁၀ ကို လက်ခံရရှိခဲ့၊ မိမိတို့မြန်မာလူမျိုးတို့၏ စေတနာသဒ္ဒါတရားကြီးမားမှုနှင့် စာနာစိတ်၊ မေတ္တာစိတ်အရင်းခံကိုလည်း တွေ့မြင်ခဲ့ရ

☆ စာမျက်နှာ ၃ မှ

တွေ့ရှိရပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ၌ စေတီပုထိုးများ၏ ပရိဝုဏ် အတွင်း ရေဝင်၊ ရေဝပ်ခြင်းများသည် ရေစီး ရေလာကောင်းမွန်အောင် ကြိုတင် ဆောင်ရွက်နိုင်မှု အားနည်းခြင်းတို့ကြောင့် ဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ထိုသို့ ဖြစ်ပေါ်ခဲ့ရသည်များကို သင်ခန်းစာယူ၍ နောင်မဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ် ကြောင်း။

## သေဆုံးသူ ၁၄၅ ဦးရှိ

သဘာဝဘေးနှင့်ပတ်သက်၍ အတွေ့ အကြုံများ ရှိကြသည်ဖြစ်သော်လည်း အချို့သောသူများမှာ ဘေးလွတ်ရာသို့ မရွှေ့ပြောင်းလိုကြသူများလည်း ရှိကြ ကြောင်း၊ အများစုပြောင်းရွှေ့ပေးနိုင်ခဲ့ သော်လည်း အချို့သည်ရွှေ့ပြောင်းပေးမှု အပေါ် ငြင်းဆန်မှုများရှိခဲ့ကြောင်း၊ ထိုသို့ မရွှေ့ပြောင်းမှုများကြောင့် သေဆုံးခဲ့ရ သည်များဖြစ်ပေါ်ခဲ့ရကြောင်း၊ ဘေးလွတ် ရာသို့ ရွှေ့ပြောင်းထားရှိသူများအနေဖြင့် ထိခိုက်မှုမရှိခဲ့သည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့နိုင်ငံသို့ မုန်တိုင်းဝင်ရောက်နိုင်ခြေ ရာနှုန်းပြည့်နီးပါး သေချာနေသည့်အချိန် တွင် လူသေဆုံးမှုအများအပြားရှိနိုင် ကြောင်းနှင့် ထိခိုက်ပျက်စီးမှုများ များစွာ ဖြစ်ပေါ်နိုင်ကြောင်းကို နိုင်ငံတကာမှ သုံးသပ်ခဲ့ကြကြောင်း၊ အမှန်တကယ် ဝင်ရောက်ခဲ့ချိန်တွင် ပျက်စီးမှုသည်လည်း များပြားခဲ့ပါကြောင်း၊ မေ ၁၉ ရက် ညနေပိုင်းအထိ ကောက်ယူရရှိသော စာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စုစုပေါင်းပျက်စီး ဆုံးရှုံးမှုနှင့် သေဆုံးမှုမှာ လူနေအိမ် ၁၈၃၀၂၄ လုံး၊ သာသနိက အဆောက်အအုံ ၁၇၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၁၃၉၇ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၂၂၇ ခု၊ ဆက်သွယ်ရေး တာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေးတစ်ခု၊ လေဆိပ် အနေဖြင့် စစ်တွေလေဆိပ်နှင့် ကျောက်ဖြူ လေဆိပ်၊ ဌာနဆိုင်ရာအဆောက်အအုံ အလုံး ၃၄၀ ပျက်စီးခဲ့ရသည်ကို တွေ့ရှိ ရပြီး သေဆုံးသူ ၁၄၅ ဦးရှိကြောင်း၊ ယင်းတို့ကို ပြန်လည်ထူထောင်ရေး လုပ်ငန်း များ ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း။

## ကျပ်သိန်းပေါင်း ၇၀၀၀၀

ယနေ့ အလှူရှင်များ လာရောက် လှူဒါန်းသည့် အလှူငွေများ၊ ပစ္စည်း များဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မေ ၁၅ ရက် မိမိတို့ရခိုင်ပြည်နယ် စစ်တွေမြို့သို့သွားရောက်စဉ် အလှူငွေ ကျပ်သိန်းပေါင်း ၇၀၀၀၀ ကို ပြည်နယ် ဝန်ကြီးချုပ်ထံ တစ်ပါတည်းလွှဲပြောင်း ပေးခဲ့ကြောင်း၊ သဘာဝဘေးဒဏ်သင့် ပြည်သူများ ထပ်မံထိခိုက်သေဆုံးမှုမရှိ စေရေး၊ စားရေရိက္ခာ မပြတ်လပ်စေရေးကို ဦးစွာဆောင်ရွက်ပေးရန် မှာကြားခဲ့ ကြောင်း၊ ထို့နောက် လမ်းပန်းဆက်သွယ်မှု များ ပြန်လည်ရရှိအောင် ဦးစားပေး ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း၊ ပြည် လမ်းကြောင်းနှင့် မကွေးလမ်းကြောင်း တို့မှ မော်တော်ယဉ်များနှင့် ကူညီ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်နိုင်ရေး အသင့်ပြင်ဆင်ထားသည့် ယာဉ်အုပ်စု ၁၀ စုနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့ များကို ညတွင်းချင်း ပို့ဆောင်စေခဲ့ပြီး နောက်တစ်နေ့တွင် စစ်တွေမြို့သို့ ရောက်ရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခဲ့ခြင်း ကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်း များကို အချိန်မီဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ် ကြောင်း။

## အချိန်မီပို့ဆောင်ပေးခဲ့

အလားတူ လေကြောင်းမှလည်း ကူညီကယ်ဆယ်ရေးပစ္စည်းများကို အချိန်မီ ပို့ဆောင်ပေးခဲ့ကြောင်း၊ ထိုသို့ကူညီ ကယ်ဆယ်ရေးလုပ်ငန်းရပ်များအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ တပ်မတော်မှ ဦးဆောင်၍ ဆောင်ရွက်ခြင်းနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့်ဖြစ် ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက် နိုင်ခဲ့ခြင်းကြောင့် လူထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများကို များစွာသက်သာ စေခဲ့သည်ကို သက်သေပြနိုင်ခဲ့ခြင်းပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖြစ်ပွားခဲ့ သည့်မုန်တိုင်းသည် မိမိတို့အတွက် ကြီးမားသည့် သင်ခန်းစာတစ်ခုပင်ဖြစ် ကြောင်း။

## စေတနာသည်သာ အရင်းခံ

ယခုကဲ့သို့ စေတနာထက်သန်စွာဖြင့် လာရောက်လှူဒါန်းမှုများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ စေတနာသည် သာ အရင်းခံဖြစ်ကြောင်း၊ ၂၀၂၀ မှစ၍ ဖြတ်သန်းခဲ့ရသည့် နှစ်နှစ်တာကာလ အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးအကျပ်အတည်းများကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ ကြောင်း၊ မိမိတို့အနေဖြင့် ရှန်းကန်မှုများ ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၂ ခုနှစ်တွင် နိုင်ငံစီးပွားရေးမှာ အတိုင်းအတာတစ်ခု အထိတိုးတက်လာပြီး ၂၀၂၃ ခုနှစ်တွင် ပိုမိုတိုးလက်လာကြောင်း၊ သို့သော် မိမိတို့ အနေဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်ရေး အတွက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ ယခုကာလအတွင်း နိုင်ငံစီးပွား ရေးပြန်လည်ကောင်းမွန်လာပြီး ဝင်ငွေ များရရှိလာခြင်းကြောင့် ယခုကဲ့သို့ လှူဒါန်းနိုင်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ လှူဒါန်းငွေများ များစွာလှူဒါန်းနိုင်ခြင်းမှာ နိုင်ငံ၏စီးပွားရေးအား ကောင်းမွန်မှုကို ပြသခြင်းပင်ဖြစ်ကြောင်း၊ ယခုအခါ လှူဒါန်းမှုများအနေဖြင့် အခြားနေရာ များမှမပါ စုစုပေါင်းငွေကျပ် ဘီလီယံ ၂၀ ခန့်ရှိပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံ အတွက် အရေးပေါ်လိုအပ်သည့်အချိန်တွင် စေတနာတရားထက်သန်စွာဖြင့် လှူဒါန်း မှုများ ပြုလုပ်ပေးသည့်အတွက် အလှူရှင် များကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါ ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏အကျိုး စီးပွားအတွက် မည်သည့်လုပ်ငန်းများကို မဆို အောင်မြင်အောင်ကူညီဆောင်ရွက် ပေးရန် အဆင်သင့်ရှိသည်ကိုပြောလိုပါ ကြောင်း၊ တိုင်းပြည်ကောင်းရန်အတွက် အမှန်တကယ် ဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း၊ မိမိအနေဖြင့် တိုင်းပြည် သာယာဝပြောပြီး နိုင်ငံသူ၊ နိုင်ငံသား အားလုံး ကိုယ်စိတ်နှလုံး အေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက် နိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သဖြင့် မိမိတို့၏ဆောင်ရွက်ချက်များ အောင်မြင် မည်ဟု ယုံကြည်ပါကြောင်း၊ မုန်တိုင်းဒဏ် သင့်ဒေသများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ယခင်ကထက် ပိုမိုသာလွန်ကောင်းမွန် အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လှူဒါန်းမှုများသည် သဘာဝ ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများမှ ပြည်သူများအတွက် အားကိုဖြစ်စေမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် သဘာဝဘေးဒဏ်သင့်ခဲ့သည့် ဒေသ များကို ထိထိရောက်ရောက်ဖြင့် ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရခိုင် ပြည်နယ်တစ်ခုတည်းသာမက ချင်း ပြည်နယ် အချို့သောဒေသများအတွက် လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း များတွင် စီမံခန့်ခွဲမှုများ ပိုမိုအဆင်ပြေ မြန်ဆန်စေရေးအတွက် တပ်မတော် အရာရှိကြီးများကို စေလွှတ်၍ ဆောင်ရွက် စေလျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် အတွေ့အကြုံရှိပြီးဖြစ်သဖြင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို မြန်မြန် ဆန်ဆန်ဖြင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိုးမကျမီကာလ အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်း များကို ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်ရန်လိုသဖြင့် မိမိတို့အနေဖြင့် အားသွန်ခွန်စိုက်ဖြင့် ဆောင်ရွက်ပေး လျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ လှူဒါန်းငွေများကိုလည်း အကျိုးရှိရှိဖြင့် ထိထိရောက်ရောက် အသုံးချသွားမည် ဖြစ်ပြီး ယနေ့လှူဒါန်းမှုများအတွက် အထူးပင် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း ပြောကြားသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ တွင် အသုံးပြုနိုင်ရေးအတွက် မေ ၁၅ ရက် တွင် ကနဦးအလှူငွေများ လှူဒါန်းခဲ့ကြ သည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်း လွှာများပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြ သည့် စေတနာရှင်၊ အလှူရှင်များက သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသ များ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူ ငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူ သည်။

## ကျေးဇူးတင်စကားပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားရာတွင် ယခုအခါ နိုင်ငံတကာကလည်း အကူအညီ များ ပေးအပ်လျက်ရှိကြောင်း၊ အိန္ဒိယ နိုင်ငံကလည်း ကူညီကယ်ဆယ်ရေးပစ္စည်း များကို သင်္ဘောများဖြင့် လာရောက်ပို့ ဆောင်ပေးလျက်ရှိသကဲ့သို့ တရုတ်နိုင်ငံ ကလည်း အရေးပေါ်အနေဖြင့် နယ်စပ်မှ စားသောက်ကုန်များကို ပေးပို့လျက်ရှိပြီး ထိုင်းနိုင်ငံအနေဖြင့်လည်း လာမည့် တနင်္လာနေ့တွင် ပေးပို့မည်ဖြစ်ကြောင်း၊ အလားတူ အာဆီယံ(AHA) စင်တာမှ လည်း ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးပို့သွားမည်ဟု သိရှိရကြောင်း၊ အခြား နိုင်ငံတကာကလည်း ကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဟု အသိပေး အကြောင်းကြားမှုများ ရရှိပြီးဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပမှလှူဒါန်းသည့်အလှူ ငွေများနှင့် ပစ္စည်းများကို မုန်တိုင်း ဒဏ်သင့်ဒေသများမှပြည်သူများ တစ်ဦး တစ်ယောက်မှမကျန်ရှိစေရေး ကူညီ ဆောင်ရွက်ပေးသွားမည်ကို အသိပေး ပြောကြားလိုကြောင်း၊ ယနေ့ လှူဒါန်းမှုပြု ကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ အားလုံးကိုလည်း နိုင်ငံတော်၏ကိုယ်စား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

ယင်းနောက် ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) “မိုခါ” (MOCHA) ဝင်ရောက်မှုကြောင့် သဘာဝ ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ပျက်စီးဆုံးရှုံးခဲ့မှု၊ စေတနာရှင်အလှူရှင် များက လှူဒါန်းထောက်ပံ့မှု၊ သဘာဝ ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်မှု၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု ခဲ့ကြသည်။

ယနေ့ကျင်းပသည့် သဘာဝဘေး ဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံး ပြုနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စေတနာရှင်၊ အလှူရှင် များက လှူဒါန်းမှုစုစုပေါင်းအနေဖြင့် ငွေကျပ် ၈,၇၁၇,၅၃၉,၅၀၀၊ ထိုင်းဘတ်ငွေ တစ်သန်း၊ ကျပ်သိန်း ၁၅၀၀၀ တန်ဖိုးရှိ သွပ်ချပ်ရေ တစ်သိန်းနှင့် ဆက်စပ်အိမ်မိုး ပစ္စည်းများ၊ ယွမ် တစ်သိန်းနှင့် ညီမျှသည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် ရေသန့် များကို လက်ခံရရှိခဲ့သည်။ ထို့ကြောင့် မေ ၁၅ ရက်တွင်အလှူရှင်များက လှူဒါန်း ခဲ့သည့် အလှူငွေစုစုပေါင်းမှာ ကျပ် သိန်းပေါင်း ၁၃၁,၈၁၀ သိန်းဖြစ်သဖြင့် ယခုအကြိမ်နှင့်ဆိုပါက စေတနာရှင် အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ်သိန်းပေါင်း ၂၁၈,၉၈၅ သိန်းကျော် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# သဘာဝဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို ပြည်တွင်း ပြည်ပမှ ထောက်ပံ့ပေးအပ်လျက်ရှိ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မိုးမကျမီအတွင်း လူအင်အား၊ စက်ယန္တရားအင်အားသုံး၍ ဆောင်ရွက်

နေပြည်တော် မေ ၂၀

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ"(MOCHA) ဝင်ရောက်မှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးခင်မောင်ရီ၊ ဦးမင်းနောင်နှင့် ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးယာဉ်တန်းအဖွဲ့များက နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ သွားလာရန်ခက်ခဲသည့် ဒေသများသို့ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် ခက်ခက်ခဲခဲ ချီတက်ခဲ့ရမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ဘင်္ဂလားပင်လယ်အော်အတွင်း၌ ဖြစ်ပေါ်လျက်ရှိသည့် မုတ်သုံ(Monsoon)သည် မေလအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းတို့သို့ ဆက်လက်ဝင်ရောက်လာနိုင်မည့် အခြေအနေများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ပို့ဆောင်သွားမည့် အခြေအနေများ၊ သဘာဝဘေးဒဏ်သင့် ဒေသများ၌ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့များက နယ်မြေခံကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်တွင်း ပြည်ပမှ လှူဒါန်းရရှိသည့် အဝတ်အထည်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် အခြားသဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများသို့ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှုလယ်ယာအဖွဲ့များ၊ တိရစ္ဆာန်ဆေးကုအဖွဲ့များကိုလည်း စေလွှတ်ပေးလျက်ရှိမှု၊ သဘာဝဘေးဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လိုအပ်လျက်ရှိသည့် သစ်ခွဲသားများကို စစ်တွေမြို့သို့ ဦးစွာပို့ဆောင်ပေးလျက်ရှိမှု၊ စာသင်ကျောင်း၊ ဆေးရုံများ၊ တက္ကသိုလ်တို့၌ ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများလိုအပ်မှု၊ တည်ဆောက်ရေးပစ္စည်းများ မရောက်ရှိမီ ကြိုတင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ တင်ပြကြသည်။

## ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရမည်

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများအနက် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့သည် ပျက်စီးမှုအများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ လူထိခိုက်မှုများလည်းရှိကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့လိုက်ပြန့်ကျဲနေခြင်းမျိုး မဖြစ်စေရန်နှင့် အမှန်တကယ် လိုအပ်သည့်နေရာများ မကျန်ရှိစေရန် နေ့စဉ်ဆွေးနွေးပွဲပြုလုပ်၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်မှုများကိုလည်း စနစ်တကျဖြင့် မှတ်ပုံတင်ကာ ဆောင်ရွက်ရန်လိုကြောင်း၊ အဓိကလိုအပ်သည်မှာ သဘာဝဘေးဒဏ်ခံခဲ့ရသည့် ဒေသများ၌ စားရေရိက္ခာများ ပြတ်လပ်မှုမရှိစေရေးနှင့် ဆက်သွယ်မှုပြတ်တောက်မှုမရှိအောင် ကနဦး ဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ယခင်အတိုင်း ဖြစ်စေရေးအတွက်လည်း လမ်းကြောင်းများ၌ ပိတ်ဆို့လျက်ရှိသည့် သစ်ပင်၊ သစ်ကိုင်းများကို စနစ်တကျဖယ်ရှားရှင်းလင်းရန်နှင့် ရှင်းလင်းရာမှ ရရှိလာသည့် သစ်ပင်ကြီးများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း။

အရိပ်ရလေကာပင်များသည် မိမိတို့၏ ပတ်ဝန်းကျင်နှင့် လိုအပ်သည်ဖြစ်သော်လည်း လူနေအိမ်များအနီးနှင့် ဓာတ်တိုင်၊ ဓာတ်ကြိုးများနှင့် လွတ်ကင်းမှုမရှိသည့် သက်တမ်းရင့် သစ်ပင်ကြီးများကိုမူ ဘေးအန္တရာယ်မရှိစေရေး ကြိုတင်ရှင်းလင်းထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အုန်းပင်များနှင့် လမုပင်များသည်သဘာဝဘေးအန္တရာယ်မှကာကွယ်ပေးနိုင်သည့်အတွက် ကမ်းစပ်တစ်လျှောက်နှင့် ကမ်းရိုးတန်းဒေသများအတွင်း ဖြစ်နိုင်သမျှ အရေအတွက်များများ စိုက်ပျိုးထားရှိရန် ယခင်ကတည်းက တိုက်တွန်းမှာကြားခဲ့ပြီးဖြစ်ပြီး ယခုလည်း ထပ်မံမှာကြားလိုကြောင်း၊ သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ သစ်ပင်ကြီးမျိုးများ ပြန်လည်စိုက်ပျိုးနိုင်ရေး နှစ်နှစ်နှင့်အထက်၊ နှစ်ပေအထက်အပင်များကို အရေအတွက် အများအပြား ပို့ဆောင်ပေးရန်လိုကြောင်း၊ အုန်းပင်နှင့် လမုပင်များကိုလည်း မြို့ပတ်လည်နှင့် လေကြောင်းသင့်သည်နေရာများတွင် အဓိကထား စိုက်ပျိုးသွားရန်လိုကြောင်း။

သဘာဝဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို ပြည်တွင်း ပြည်ပမှ ထောက်ပံ့ပေးအပ်လျက်ရှိပြီး မကြာမီတွင် ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လေဆိပ်များတွင် Conveyor များ ထားရှိဆောင်ရွက်သွားရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည့် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် အထူးဆေးကုသရေးအဖွဲ့များ အနေဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အပြည့်အဝဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လိုအပ်သည့် ဆေးဝါးပစ္စည်းများကိုလည်း ဖြည့်တင်းဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မိုးမကျမီအတွင်း လူအင်အား၊ စက်ယန္တရားအင်အားသုံး၍ လုပ်ငန်းတွင်ကျယ်မှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆောက်လုပ်ရေးသုံး သစ်ခွဲသားများကို ပို့ဆောင်ပေးလျက်ရှိသကဲ့သို့ ဒေသတွင်း၌ လိုအပ်သည့် သစ်ခွဲသားများ ထုတ်လုပ်နိုင်ရန်လည်းလိုကြောင်း၊ သဘာဝဘေးအန္တရာယ်ခိုလှုံရာ Shelter များကိုလည်း ထပ်မံဆောက်လုပ်ပေးရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ် မကျရောက်မီ Shelter များ ဆောက်လုပ်ပြီး ရွှေ့ပြောင်းပေးခဲ့ခြင်းကြောင့်လည်း ယခုကဲ့သို့ သေဆုံးမှုရာခိုင်နှုန်း နည်းပါးခဲ့ရခြင်းဖြစ်ကြောင်း၊ ထပ်မံဆောက်လုပ်ရာတွင် ခိုလှုံရေး၊ ပညာသင်ကြားရေး စသော Multipurpose အသုံးပြုနိုင်သည့် Shelter များအထိ ရေရှည်စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်မတော် အင်ဂျင်နီယာတပ်ဖွဲ့ဝင်များကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကုန်ဈေးနှုန်းကြီးမြင့်မှုများ မဖြစ်ပေါ်စေရေးအတွက်လည်း အသားဘူး၊ ငါးဘူးများကို ပို့ဆောင်ပေးခြင်းနှင့် အသား၊ ငါးများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်အောင် စီမံဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ဘုန်းကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများ၏ စားရေးသောက်ရေး အဆင်ပြေစေရေးအတွက်လည်း တာဝန်ရှိသူများက ကြည့်ရှုဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား Korea– Myanmar Industrial Complex(KMIC) စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ညောင်နှစ်ပင်ကျေးရွာအနီးရှိ Korea-Myanmar Industrial Complex(KMIC)လုပ်ငန်းဆောင်ရွက်နေမှုနှင့် အမျိုးသားညီလာခံပြည်ထောင်စုခန်းမ အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ Korea– Myanmar Industrial Complex(KMIC) စီမံကိန်းဆောင်ရွက်ရန် လျာထားမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမျိုးသားညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမကြီးနှင့် အနေ်ရထာရိပ်သာတို့အား ပြန်လည်ပြုပြင် ထိန်းသိမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

## ရှင်းလင်းတင်ပြ

ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က Korea– Myanmar Industrial Complex(KMIC) စီမံကိန်းအား အပိုင်းလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆောက်အအုံများ တည်ဆောက်ရန်နှင့် လမ်းများဖောက်လုပ်ရန် လျာထားမှု၊ လျှပ်စစ်ဓာတ်အားနှင့် ရေရရှိရေး ဆောင်ရွက်ထားရှိမှု၊ စက်မှုဇုန်စီမံကိန်း၏ မြေအသုံးချမှုဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းဦးဆောင်အဖွဲ့ ဖွဲ့စည်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံလုပ်သားများ နေထိုင်ရန်အတွက် အဆောက်အအုံများကို စနစ်တကျဖြင့် နေရာရွေးချယ် တည်ဆောက်ရန် လိုကြောင်း၊ ရေရရှိရေးအတွက် ဆောင်ရွက်ရာတွင် ရေလုံလောက်စွာရရှိရေး စနစ်တကျစီမံဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် Infrastructure များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန် လိုကြောင်း၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးချိန်တွင် အလုပ်သမားများအတွက် စားသောက်ရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို လုံလောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်မည့် ဆေးရုံများ တည်ဆောက်ခြင်းကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်လိုကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်ရာတွင်လည်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များကို ကြိုတင်စိုက်ပျိုးရန်နှင့် Green Zone များသတ်မှတ်၍ ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းများ၏ ဘေးတစ်ဖက်တစ်ချက်တွင်လည်း သစ်ပင်များကို စနစ်တကျစိုက်ပျိုးရန်နှင့် ဓာတ်ကြိုးသွယ်တန်းမှုများကို စနစ်တကျရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်း ဆောင်ရွက်မည့်နေရာသို့ဝင်ရောက်မည့်လမ်းများကိုလည်း စနစ်တကျဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုကြောင်း၊ စီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမြေများ လျော့နည်းမှုမရှိစေရေး အခြားနည်းဖြင့် အသုံးပြုခြင်းများကို တာဝန်ရှိသူများအနေဖြင့် ခွင့်ပြုခြင်းမပြုရန် ကြပ်မတ်စေလိုကြောင်း မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမကြီးသို့ ရောက်ရှိပြီး ပြည်ထောင်စုခန်းမကြီးနှင့် အနေ်ရထာရိပ်သာတို့အား ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများနှင့် အဆောက်အအုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားညီလာခံကျင်းပခဲ့သည့် အဆောက်အအုံများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ရေးဆွဲဖော်ဆောင်ခဲ့သည့် သမိုင်းဝင်အဆောက်အအုံများ ဖြစ်ကြောင်း၊ ထို့ကြောင့် အဆောက်အအုံများ ပျက်စီးမှုများမရှိစေရေး စနစ်တကျဖြင့် ထိန်းသိမ်းထားရှိရန် လိုကြောင်း လမ်းညွှန်မှာကြားသည်။

အဆိုပါ အမျိုးသားညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမ အဆောက်အအုံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ အထိ အစုအဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ် ၇၀၂ ဦးဖြင့် အမျိုးသားညီလာခံ ခုနစ်ကြိမ် ကျင်းပခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် အဆိုပါညီလာခံခန်းမကြီးကို အသုံးပြုခြင်း မရှိတော့ကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများ အားနည်းခဲ့သဖြင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်အရ ယခုအခါ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်အတွင်း စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန် အစည်းအဝေးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန် သမိုင်းအကျဉ်း၊ ဇုန်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အပိုင်းလိုက် ခွဲခြားဆောင်ရွက်ထားရှိမှု၊ ဇုန်အလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် အသီးအနှံများ၊ အသား၊ နွားနို့နှင့် ဥများ ထုတ်လုပ်ရောင်းချပေးနိုင်မှု၊ ၂၀၂၂ ခုနှစ် ဇွန်လတွင် လာရောက်ခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်လအတွင်းနှင့် တစ်နှစ်အတွင်း အသား၊ ငါး ထုတ်လုပ်နိုင်မှုနှင့် စားသုံးနိုင်မှု ပျမ်းမျှစစ်တမ်းအရ တွက်ချက်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေး အထူးဇုန်အတွင်း လမ်းများ စနစ်တကျရှိစေရေး ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စိုက်ပျိုးမွေးမြူရေး ဇုန်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ တိုက်ကြီးမြို့နယ်နှင့် တွံတေးမြို့နယ်တို့၌ မွေးမြူရေးဇုန်များ ဖော်ထုတ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇုန်အတွင်း စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးထားသည့် မြေများကို ပြည့်ဝစွာစိုက်ပျိုးမွေးမြူရန်နှင့် စိုက်ပျိုးမွေးမြူရေးနှင့် မသက်ဆိုင်သည့် မြေအသုံးချမှုများမရှိစေရေး တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ ပုဂ္ဂလိက စီးပွားရေးလုပ်ကိုင်သူများအနေဖြင့် နိုင်ငံတော်မှ ခွင့်ပြုပေးထားသည့် စိုက်ပျိုးမွေးမြူရေးမြေနေရာများပေါ်တွင် အမှန်တကယ် စိုက်ပျိုးမွေးမြူမှုများ ဆောင်ရွက်စေရေး စည်းကမ်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ စိုက်ပျိုးရေးမြေများကို အကျိုးရှိရှိ အသုံးချစေရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိရိုးဖလာစိုက်ပျိုးခြင်းထက် ခေတ်မီစိုက်ပျိုးရေးစနစ်များကို အသုံးချ၍ ကျစ်ကျစ်လျစ်လျစ်ဖြင့် ပြည့်ဝစွာ စိုက်ပျိုး ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စိုက်ပျိုးနိုင်မှသာ ရန်ကုန်တိုင်းဒေသကြီးအတွက် ဖူလုံနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုများ များပြားမှသာ ဒေသအတွက် ဝင်ငွေများပိုမိုရရှိနိုင်မည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် စိုက်ပျိုးတောင်သူများကို အသိပညာပေးဆောင်ရွက်နေရန် လိုကြောင်း၊ ဇုန်အတွင်းရှိ ကုန်ထုတ်လမ်းများကိုလည်း စနစ်တကျရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဈေးရုံအမှတ်(၂)၌ ဒေသခံပြည်သူများ ဟင်းသီးဟင်းရွက်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြမှုများအပေါ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေး ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Green Light စိုက်ပျိုးမွေးမြူခြံသို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက စိုက်ပျိုးမွေးမြူရေးခြံအတွင်း ဥစားကြက်များ၊ ငါးများနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားရှိမှု၊ ငါးသားပေါက်များ မွေးမြူခြင်းနှင့် ပျိုးပင်များ စိုက်ပျိုးနေမှုကို ရှင်းလင်းတင်ပြသည်။

## လှည့်လည်ကြည့်ရှု

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီး အတွင်း မွေးမြူရေးတိရစ္ဆာန်အစာများကို ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် လုံလောက်စွာထုတ်လုပ်နိုင်ရန် လိုကြောင်း၊ အလားတူ ကြက်သားပေါက်များကိုလည်း ဒေသတွင်းလုံလောက်စွာထုတ်လုပ်နိုင်ရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးမွေးမြူရေးခြံအတွင်း ဥစားကြက်များမွေးမြူထားရှိမှု၊ ငါးမွေးမြူထားရှိမှုနှင့် ဒူးရင်းပင်အပါအဝင် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေး ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်အတွင်း ခေတ်မီမွေးမြူရေးစနစ်ဖြင့် မွေးမြူထားရှိသည့် ပုဂ္ဂလိက ဥစားကြက်မွေးမြူရေးခြံနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မွေးမြူထားရှိသည့် ဆိတ်မွေးမြူရေးခြံနှင့် စိုက်ပျိုးခြံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ဟင်းသီးဟင်းရွက်လက်ကားဈေး ဈေးရုံအမှတ်(၂)၌ ဒေသခံပြည်သူများ ဟင်းသီးဟင်းရွက်ရောင်းချနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ပုဂ္ဂလိက ဥစားကြက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၂၀**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ ညှော်ရိပ်သာ၌ မုန်တိုင်းကြောင့်ပြိုလဲနေသော သစ်ပင်သစ်ကိုင်းများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းဆောင်ရွက်နေခြင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် လောကာနန္ဒာစေတီတော်မြတ်ကြီး၊ စကြာမုနိသိမ်တော်စေတီနှင့် သာသနာ့ဗိမာန်တို့သို့ ရောက်ရှိပြီး ဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်ရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သာသနာ့ဗိမာန်အောက်ထပ်တွင် ခေတ္တသိုလှောင်ထားသော ရိက္ခာနှင့် ထောက်ပံ့ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ မုန်တိုင်းဒဏ်သင့် မြို့နယ်၊ ကျေးရွာများသို့ အမြန်ပေးပို့ထောက်ပံ့ရေးညှိနှိုင်းမှာကြားသည်။

ထို့နောက် စစ်တွေမြို့ဆိပ်ကမ်းသို့ ရောက်ရှိနေသည့် စစ်ရေယာဉ်(မုတ္တမ)ပေါ်မှ ထောက်ပံ့ရေးပစ္စည်းများအား သက်ဆိုင်ရာမြို့နယ်များသို့ပေးပို့ရန် သယ်ယူပို့ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးကာ ပစ္စည်းသယ်ချမှု ပိုမိုမြန်ဆန်ရေး လိုအပ်သောအင်အား ထပ်မံဖြည့်တင်းဆောင်ရွက်ရန် စီစဉ်မှာကြားခဲ့သည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဆေးရုံကြီးအား ပြန်လည် ပြုပြင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ထပ်မံလိုအပ်သည့်သွပ်ပြားများဖြည့်ဆည်းပေးပြီး ဆေးရုံအား အမြန်ပြုပြင်ပြီးစီးရေးနှင့် သူနာပြုသင်တန်းကျောင်း ပျက်စီးမှုများကိုလည်း အမြန်ပြုပြင်ကာ ရပ်နားထားသောသင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ဆိပ်ကမ်းဝင်းအတွင်း သိုလှောင်ရုံသို့ရောက်ရှိပြီး ဆန်၊ ဆီနှင့် ရိက္ခာထုပ်များ၊ တာပေါ်လင်စများ သိုလှောင်ထားရှိမှု၊ ဖြန့်ခွဲနေမှုနှင့် သိုလှောင်ရုံအမိုးများ ပြန်လည်မိုးကာပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်နှင့် မြို့နယ်ပညာရေးမှူးတို့အားတွေ့ဆုံ၍ စစ်တွေမြို့ပေါ်နှင့် မြို့နယ်များရှိ အထက်တန်းကျောင်းများ သန့်ရှင်းရေးနှင့် ကျောင်းဖွင့်ရာသီအမီ အမြန်ဆုံးပြုပြင်နိုင်ရေး၊ သတ်မှတ်ရက်များအတိုင်း ကျောင်းလက်ခံရေး၊ သင်ကြားရေးတို့ကို ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားပြီးလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲရန်မလိုဘဲ ရွှေ့ပြောင်းသယ်ယူအသုံးပြုနိုင်သည့် Life Straw ရေသန့်စင်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။

**ရေသန့်စင်စက်ကြည့်ရှု**

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် အစိုးရအဖွဲ့ရုံး၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် သောက်သုံးရေသန့်ရရှိရေး လျှပ်စစ်ဓာတ်အားသုံးစွဲရန် မလိုဘဲ ရွှေ့ပြောင်းသယ်ယူအသုံးပြုနိုင်သည့် Life Straw ရေသန့်စင်စက်များကို ကြည့်ရှုစစ်ဆေးသည်။

၎င်းစက်များဖြင့် စစ်တွေမြို့ ဆတ်ရိုးကျ ချောင်းအတွင်းမှ သဘာဝရေကို သန့်စင်ရာ ကြည်လင်သန့်ရှင်းသည့် သောက်သုံးရေကို ရနိုင်ပြီး တစ်နာရီလျှင် ၁၅ လီတာမှ လီတာ ၂၀ အထိ သန့်စင်ပေးနိုင်ကာ တစ်ရက်လျှင် လူဦးရေ ၁၀၀ အတွက်သောက်သုံးရေ လုံလောက်စွာ ထုတ်ပေးနိုင်ကြောင်း သိရသည်။

စာမျက်နှာ ၉ သို့ ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ ဆန်၊ ဆီနှင့် ရိက္ခာထုပ်များ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ စစ်ရေယာဉ်(မုတ္တမ)ပေါ်မှ ထောက်ပံ့ရေးပစ္စည်းများအား သက်ဆိုင်ရာမြို့နယ်များသို့ ပေးပို့ရန် သယ်ယူပို့ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ ပြည်နယ်အစိုးရအဖွဲ့ ညှော်ရိပ်သာ၌ မုန်တိုင်းကြောင့်ပြိုလဲနေသော သစ်ပင်သစ်ကိုင်းများ ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်တွေမြို့ သန့်ရှင်းသာယာရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မည့် တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံအားပေး

စစ်တွေ မေ ၂၀

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီး ပရိဝုဏ် အတွင်း၌ စစ်တွေမြို့ သန့်ရှင်းသာယာရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ် ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝိုင်းဝန်း ကူညီဆောင်ရွက်ရန် ရောက်ရှိနေကြသည့် ပရဟိတအဖွဲ့များကို တွေ့ဆုံအားပေးသည်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်တွေမြို့ သန့်ရှင်းသာယာရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်း ဆောင်ရွက်မည့် တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များအား အားပေးစကား ပြောကြားစဉ်။

## မှာကြား

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စစ်တွေမြို့လမ်းမကြီးများအပါအဝင် မြို့ပေါ်ရပ်ကွက်လမ်းများအား ပိတ်ဆို့မှုမရှိအောင် ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်မီးတိုင်များ ပြန်လည်စိုက်ထူခြင်း၊ လျှပ်စစ်မီးကြိုး သွယ်တန်းခြင်းများနှင့် ဆေးရုံ၊ စာသင်ကျောင်း၊ အရေးကြီးအဆောက်အအုံများတွင် ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများကို မြန်ဆန်စွာ ပြီးစီးအောင် စနစ်တကျစုဖွဲ့၍ ဆောင်ရွက်သွားကြရန် မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စစ်တွေမြို့ မေယုလမ်း လမ်းမကြီးနှင့် လမ်းသွယ်များတွင် မုန်တိုင်းဒဏ်ကြောင့် လဲပြိုခဲ့သည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ရုံးအဆောက်အအုံများတွင် စုပေါင်းရှင်းလင်းခြင်း လုပ်ငန်းများနှင့် မြို့တွင်းလျှပ်စစ်မီးရရှိရေး လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် သွားရောက်မည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် မေ ၂၀

အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ လိုအပ်သည့် သဘာဝဘေး အန္တရာယ်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သွားရောက်မည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်စခန်း၌ ကျင်းပသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သွားရောက်မည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ကျရာကဏ္ဍအလိုက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် စံပြဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းနှင့် ကျန်းမာရေးကို အထူးဂရုပြုကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကူညီကယ်ဆယ်ရေးအဖွဲ့များအတွက် နေပြည်တော်ကောင်စီက ထောက်ပံ့သည့် ဂုဏ်ပြုထောက်ပံ့ ငွေကျပ် ၃၅ သိန်း၊ ဆန်၊ ဆီ၊ ငါးခြောက်၊ ငါးပိ၊ အသင့်စားဆန်၊ ကြက်ဥ၊ အသင့်စား ခေါက်ဆွဲခြောက်တို့ကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မနက်ဖြန်နံနက်အထိခန့်မှန်းချက်

နေပြည်တော် မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

✻ စာမျက်နှာ ၈ မှ

ရောက်ရှိပြီးဖြစ်သော ထိုရေသန့်စင်စက်အလုံး ၅၀ ကို မုန်တိုင်းဒဏ်ခံရသော မြို့ရွာများသို့ အမြန်ဖြန့်ခွဲပေးပို့သွားမည်ဖြစ်ပြီး ဆက်လက်ရောက်ရှိလာမည့် အလုံး ၁၆၀ ကိုလည်း ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် အစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သော သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ခံများ တက်ရောက်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးများကလည်း ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ ၁၂ ဖွဲ့က ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြပြီး ဒုတိယဝန်ကြီးများကလည်း ဝန်ကြီးဌာနအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အလားတူ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများကလည်း မိမိတို့ခရိုင်အလိုက် ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြရာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံရသောဒေသများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ပိုမိုထိရောက်စေရေး ကြီးကြပ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားမှု၊ ထောက်ပံ့ရေးပစ္စည်းများ သက်ဆိုင်ရာဒေသများနှင့် ပြည်သူများလက်ဝယ်သို့ စနစ်တကျနှင့် မြန်မြန်ဆန်ဆန်ရောက်ရှိရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အလိုက် အရှိန်အဟုန်ဖြင့်ဆောင်ရွက်ပြီး ပုံမှန်အခြေအနေရောက်အောင် ကြိုးစားဆောင်ရွက်ရေး၊ နောက်ဆက်တွဲ ကူးစက်ရောဂါများ မဖြစ်ပွားစေရန် ကျန်းမာရေးကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေး၊ ဌာနဆိုင်ရာများအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပြီး ပြည်သူများ အင်အားဖြင့်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) တတိယနေ့ Plenary Session တွင် အကြံပြုရှေ့လုပ်ငန်းစဉ်များကို စုံညီစွာ စုပေါင်းဆွေးနွေးညှိနှိုင်းကာ ညီလာခံအောင်မြင်စွာ ကျင်းပပြီးစီး



နေပြည်တော် မေ ၂၀

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) တတိယနေ့ Plenary Session ကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ရှိ Plenary Hall ညီလာခံခန်းမ၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပညာရှင်ကြီးများ၊ ပါမောက္ခများ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးအားပေးကြသည်။

**စုပေါင်းဆွေးနွေး**

ယနေ့ကျင်းပသော Plenary Session တွင် ညီလာခံဒုတိယနေ့က ဆွေးနွေးပွဲ ခေါင်းစဉ်ကြီး ခုနစ်ခုဖြင့် စာတမ်းရှင်များနှင့် တက်ရောက်သူများ အကြံပြုဆွေးနွေးညှိနှိုင်းရရှိခဲ့သည့် ဆွေးနွေးပွဲရလဒ် ရှေ့လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဆွေးနွေးပွဲအုပ်စု သဘာပတိနှင့် စာတမ်းရှင်များက တင်ပြကြပြီး တက်ရောက်လာသူများက စုံညီစွာ စုပေါင်းဆွေးနွေးညှိနှိုင်းကြသည်။

Parallel Session 1 မှ စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတိုးဝင်းနှင့် စာတမ်းရှင်များက "ကျောင်းတက်သူဦးရေ ပိုမိုတိုးတက်လာစေရေး" ဆွေးနွေးပွဲခေါင်းစဉ်မှ ဒေသဆိုင်ရာအုပ်ချုပ်ရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းစည်းရုံးဆောင်ရွက်ရေး ရှေ့လုပ်ငန်းစဉ်များ၊ ကျန်းမာပျော်ရွှင်သော ပညာသင်ယူမှုပတ်ဝန်းကျင်ကောင်းဖန်တီးရေး ရှေ့လုပ်ငန်းစဉ်များ၊ သင်ကြားသင်ယူမှုအပေါ် စဉ်ဆက်မပြတ် အကဲဖြတ်စနစ်၏ ထိရောက်မှုကို ဆန်းစစ်ရေးရှေ့လုပ်ငန်းစဉ်များ၊ နှစ်ချို့ကင်းကွာ ကျောင်းသားများ ပြန်လည်လက်ခံရေးအတွက် နည်းလမ်းရှာဖွေရေးရှေ့လုပ်ငန်းစဉ်များ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အကြံပြု ရှေ့လုပ်ငန်းစဉ်များနှင့် ကျောင်းသား ဆရာ အချိုးမျှတစေရေး ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားသည်။ ထို့နောက် စာတမ်းပါအကြောင်းအရာများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကျောင်းတက်သူဦးရေ ပိုမိုတိုးတက်လာစေရေး အကြံပြုချက်များအပေါ် ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက တက်ကြွစွာ ပါဝင်ဆွေးကြသည်။

အလားတူ Parallel Session 2 မှ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာဇော်ဝင်းနှင့် စာတမ်းရှင်များက "KG+9 ပြီးမြောက်ရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ်ဆောင်ရွက်ရေး" ခေါင်းစဉ်မှ ကျောင်းဝင်နှုန်း မြင့်မားရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်အကြံပြုချက်များ၊ ကျောင်းနေမြဲရေးနှင့် တန်းစဉ်ကူးပြောင်းမှုမြင့်မားရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်အကြံပြုချက်များ၊ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူရာတွင် လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်အကြံပြုချက်များ၊ အရည်အသွေးရှိသော ဆရာ ဆရာမများ ဖြည့်ဆည်းလေ့ကျင့်ပေးရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ် အကြံပြုချက်များ၊ အမှန်တကယ် စာတတ်မြောက်၍ မျိုးချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်ရှိသည့် နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးရေးနှင့် ကောင်းမွန်သော အသိပညာ၊ ကောင်းမွန်သော အလေ့အကျင့်များကို မူ၊ လယ်၊ ထက် သင်ရိုးညွှန်းတမ်းတွင် ချိတ်ဆက်ထည့်သွင်း အသိပညာပေးရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ် အကြံပြုချက်များ၊ နယ်စပ်ဒေသများပါမကျန် ကျောင်းနေအရွယ် ကလေးတိုင်း KG+9 ပြီးမြောက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်အကြံပြုချက်များကို တင်ပြဆွေးနွေးရာ တက်ရောက်လာသူများက တက်ကြွစွာ ပါဝင်ဆွေးကြသည်။

**ဝိုင်းဝန်းဆွေးနွေး**

Parallel Session 3 မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ကျော်သူက "KG+9 ပြီးမြောက်အောင်မြင်သူ လူငယ်လူရွယ်များကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များရရှိရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများ ဖော်ထုတ်ရေး" ဆွေးနွေးပွဲခေါင်းစဉ်မှ "နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး သင်ယူနိုင်မှုအခွင့်အလမ်းကို ပြည်သူလူထု ပိုမိုသိရှိနားလည်လာစေရန်တိုးမြှင့်ဆောင်ရွက်ရေး"ဆိုင်ရာ အကြံပြုချက် ရှေ့လုပ်ငန်းစဉ်များ၊ "KG+9 အလွန်ပညာရေးတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကို သင်ယူနိုင်သောသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး"ဆိုင်ရာ ရှေ့လုပ်ငန်းစဉ် အကြံပြုချက်များ၊ "KG+9 အလွန်ပညာရေးအတွက် လိုအပ်သော ဆရာ ဆရာမများခန့်ထားရေးနှင့် စွမ်းဆောင်မှုမြှင့်တင်နိုင်ရေး"ဆိုင်ရာ ရှေ့လုပ်ငန်းစဉ် အကြံပြုချက်များ၊ "KG+9 အလွန်ပညာရေးအတွက် နည်းပညာကဏ္ဍ သင်ရိုးညွှန်းတမ်း၊ စစ်ဆေးအကဲဖြတ်မှု၊ အရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှု ပိုမိုအားကောင်းအောင် ဆောင်ရွက်ရေး" ဆိုင်ရာအကြံပြုချက် ရှေ့လုပ်ငန်းစဉ်များ၊ "KG+9 အလွန်ပညာရေးအတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍ သင်ရိုးညွှန်းတမ်း၊ စစ်ဆေးအကဲဖြတ်မှု၊ အရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှု ပိုမိုအားကောင်းအောင်ဆောင်ရွက်ရေး"ဆိုင်ရာ အကြံပြုချက် ရှေ့လုပ်ငန်းစဉ်များ၊ "စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် သက်မွေးပညာသင်တန်းကျောင်းများမှ ပြီးမြောက်သူများအား ဘဝတစ်သက်တာ ပညာသင်ကြားခွင့်ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာအထက်တန်း ပြီးမြောက်ကြောင်း အသိအမှတ်ပြုရေးနှင့် ဆက်လက်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ရေး"ဆိုင်ရာအကြံပြုချက် ရှေ့လုပ်ငန်းစဉ်တို့ကို အနှစ်ချုပ်ဖတ်ကြားတင်ပြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အလားတူ Parallel Session 4 မှ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဉာဏ်ဝင်းသန်းက "လုပ်ငန်းခွင် လက်တွေ့အသုံးကျမည့် နည်းပညာနှင့် သက်မွေးပညာရပ်များကို ထိရောက်စွာသင်ကြား၍ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ရေး" ဆွေးနွေးပွဲခေါင်းစဉ်မှ "လုပ်ငန်းခွင် လက်တွေ့အသုံးကျမည့် စက်မှုဆိုင်ရာ သက်မွေးပညာသင်တန်းများအတွက် သင်ယူနိုင်သော အခွင့်အလမ်းများတိုးချဲ့ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး"ဆိုင်ရာ အကြံပြုချက် ရှေ့လုပ်ငန်းစဉ်များ၊ "လုပ်ငန်းခွင် လက်တွေ့အသုံးကျမည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သက်မွေးပညာသင်တန်းများအတွက် သင်ယူနိုင်သော အခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ရေး" ဆိုင်ရာ အကြံပြုချက် ရှေ့လုပ်ငန်းစဉ်များ၊ "အစိုးရ၊ ပုဂ္ဂလိက၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ပူးပေါင်း၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည့် အစီအစဉ်များဖော်ထုတ်ရေး"ဆိုင်ရာ အကြံပြုချက် ရှေ့လုပ်ငန်းစဉ်များ၊ "ခေတ်နှင့် လျော်ညီသော နည်းပညာနှင့်သက်မွေးပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းများ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရေး"ဆိုင်ရာ အကြံပြုချက် ရှေ့လုပ်ငန်းစဉ်များ၊ "လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် သက်မွေးပညာရေးမြှင့်တင်ရေး"ဆိုင်ရာအကြံပြုချက် ရှေ့လုပ်ငန်းစဉ်များနှင့် "ရေရှည်တည်တံ့ခိုင်မြဲသော သက်မွေးပညာရေးစနစ်ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများဖော်ဆောင်ရေး"ဆိုင်ရာ အကြံပြုချက် ရှေ့လုပ်ငန်းစဉ်တို့ကို အနှစ်ချုပ်ဖတ်ကြားတင်ပြရာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

**အကြံပြုရှေ့လုပ်ငန်းစဉ်များ အနှစ်ချုပ်**

Parallel Session 5 မှ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာယဉ်မျိုးသူ က "အဆင့်မြင့်ပညာကဏ္ဍတိုးတက်ရေးနှင့်အသိပညာရှင် အတတ်ပညာရှင်များ မွေးထုတ်ရေး"ဆွေးနွေးပွဲ ခေါင်းစဉ်မှ "အဆင့်မြင့်ပညာကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအပြင် လူမှုအသိုက်အဝန်း အထောက်အကူပြုစေမည့် ပတ်ဝန်းကျင်ဖြင့်သင်ကြားရေး"ဆိုင်ရာ အကြံပြုရှေ့လုပ်ငန်းစဉ်များ၊ "နည်းပညာအသုံးပြု သင်ကြားသင်ယူမှုနှင့် စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်မည့် အစီအစဉ်များဖော်ထုတ်ရေး"ဆိုင်ရာ အကြံပြုရှေ့လုပ်ငန်းစဉ်များ၊ "သင်ယူမှုရလဒ်များကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည့် ရလဒ်အခြေပြုပညာရေးစနစ်"ဆိုင်ရာအကြံပြု ရှေ့လုပ်ငန်းစဉ်များ၊ "တက္ကသိုလ်ဥပဓိရုပ် ကောင်းမွန်ရေးနှင့် တက္ကသိုလ်ပရိဝုဏ် သန့်ရှင်းသာယာခံ့ညားရေး" ဆိုင်ရာ အကြံပြုရှေ့လုပ်ငန်းစဉ်များ၊ "ရလဒ်အခြေပြု သင်ရိုးညွှန်းတမ်းများ ခေတ်မီစေရေး"ဆိုင်ရာ အကြံပြုရှေ့လုပ်ငန်းစဉ်များနှင့် "နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် စီးပွားရေးပညာရှင်များ ပိုမိုမွေးထုတ်ပေးရေး"ဆိုင်ရာ အကြံပြုရှေ့လုပ်ငန်းစဉ်များ အနှစ်ချုပ်တို့ကို စာတမ်းရှင်များအားလုံးကိုယ်စား ဖတ်ကြားတင်ပြကာ တက်ရောက်လာသူများက ဆွေးနွေးကြသည်။

Parallel Session 6 မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆွေလင်းက "သုတေသနနှင့် တီထွင်ဆန်းသစ်မှုမြင့်မားရေး"ဆွေးနွေးပွဲ ခေါင်းစဉ်မှ "ဘွဲ့ကြိုသင်တန်းများတွင် ဘွဲ့ယူသုတေသနပရောဂျက်အစီအစဉ်များ ထည့်သွင်းရေး"ဆိုင်ရာ အကြံပြုရှေ့လုပ်ငန်းစဉ်များ၊ "သယံဇာတနှင့် သဘာဝဝန်းကျင် ရေရှည်တည်တံ့ရေးအတွက် အဆင့်မြင့်ပညာ၏အရေးပါမှု" ဆိုင်ရာ အကြံပြုရှေ့လုပ်ငန်းစဉ်များ၊ "နည်းပညာအခြေပြု စာရေရိက္ခာဖူလုံရေး" ဆိုင်ရာ အကြံပြုရှေ့လုပ်ငန်းစဉ်များ၊ "တက္ကသိုလ်နှင့် လုပ်ငန်းခွင်ချိတ်ဆက်ရေး"ဆိုင်ရာ အကြံပြုရှေ့လုပ်ငန်းစဉ်များ၊ "အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အထောက်အကူပြု အသုံးချသုတေသနများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး"ဆိုင်ရာ အကြံပြုရှေ့လုပ်ငန်းစဉ်များနှင့် "သုတေသနဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ချမှတ်နိုင်ရေး" ဆိုင်ရာ အကြံပြုရှေ့လုပ်ငန်းစဉ်တို့ကို အနှစ်ချုပ်ဖတ်ကြားတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

**ဆွေးနွေးအကြံပြု**

Parallel Session 7 မှ ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးဖြူဇင်က "အရည်အသွေးရှိသော ဆရာ ဆရာမများ ဖြည့်ဆည်းလေ့ကျင့်ပျိုးထောင်ရေး"ခေါင်းစဉ်မှ "ပညာရေးကဏ္ဍအလိုက်ဆရာ ဆရာမများ လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး အစီအစဉ်များထည့်သွင်းရေး"ဆိုင်ရာ အကြံပြုချက် ရှေ့လုပ်ငန်းစဉ်များ၊ "ဆရာ ဆရာမများ ပြုန်းတီးမှုလျော့ပါးစေရေးနှင့် လုပ်ငန်းခွင်ပျော်မွေ့စေရေး"ဆိုင်ရာ အကြံပြုချက် ရှေ့လုပ်ငန်းစဉ်များ၊ "လုပ်ငန်းခွင်အကြိုသင်တန်းနှင့် လုပ်ငန်းခွင်အတွင်း မွမ်းမံသင်တန်းများ တက်ရောက်စေရေး"ဆိုင်ရာ အကြံပြုချက် ရှေ့လုပ်ငန်းစဉ်များ၊ "နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍရှိ ဆရာ ဆရာမများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး"ဆိုင်ရာ အကြံပြုချက်ရှေ့လုပ်ငန်းစဉ်များ၊ "ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင်(TCSF)နှင့် ကျောင်းတွင်း အရည်အသွေးအာမခံမှု(IQA)တို့ချိတ်ဆက်၍ ဆရာအရည်အသွေးမြင့်မာစေရေး"ဆိုင်ရာ အကြံပြုချက်ရှေ့လုပ်ငန်းစဉ်များနှင့် "ဆရာ ဆရာမများ အရည်အသွေး စဉ်ဆက်မပြတ် လေ့ကျင့်ပေးရေး"ဆိုင်ရာ အကြံပြုချက် ရှေ့လုပ်ငန်းစဉ်တို့ကို အနှစ်ချုပ်ဖတ်ကြားကြပြီး တက်ရောက်လာသူများက တက်ကြွစွာ ဆွေးနွေးအကြံပြုကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)၏ ဆွေးနွေးမှုအနှစ်ချုပ် အစီရင်ခံစာကို တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက သုံးရက်တာကာလအတွင်း အနာဂတ်ပညာရေးတိုးတက်ကောင်းမွန်ရေးအတွက် အားကြိုးမာန်တက်ဖြင့် တက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအားလုံးကို ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်စွာ မှတ်တမ်းတင်အပ်ပါကြောင်း၊ အချိန်ကာလတိုတောင်းသော်လည်း ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုတို့ ညီညီညွတ်ညွတ် စုပေါင်း၍ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃) သည် အောင်မြင်သည့် ညီလာခံကြီးတစ်ခုဖြစ်ပါကြောင်းနှင့် ညီလာခံကြီးသည် အနာဂတ်ပညာရေးတိုးတက်ကောင်းမွန်ရေးအတွက် ပညာရေးနှင့် သက်ဆိုင်သော ဝန်ကြီးဌာနအားလုံး စုပေါင်းညီညာစွာဖြင့် အောင်မြင်စွာ ပထမဦးဆုံးကျင်းပနိုင်ခဲ့သည့် သမိုင်းမှတ်တိုင် စိုက်ထူခဲ့ပြီဖြစ်ပါကြောင်း နိဂုံးချုပ်အမှာစကားပြောကြားကာ ညီလာခံကို အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က ထောက်ပံ့လှူဒါန်းသော အခြေခံစားသောက်ကုန်ပစ္စည်းများထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၀**

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း မိုခါမုန်တိုင်း တိုက်ခတ်ခံရသည့် လေဘေးသင့်ပြည်သူများကို ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ထောက်ပံ့လှူဒါန်းသော အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အမ်းမြို့ရှိ ရွှေအမ်းတောင်ခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်း၊ အမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ခိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံရသည့် လေဘေးသင့်ပြည်သူများအား ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ထောက်ပံ့ပေးငွေမှ သွားလာမှုလွယ်ကူသော ရပ်ကွက်/ ကျေးရွာအုပ်စု ငါးစုတို့အား လူတစ်ဦး တစ်ရက်လျှင် ဆန် နှစ်ဘူးနှုန်းဖြင့် ငါးရက်စာအတွက်လည်းကောင်း၊ လူတစ်ဦး တစ်ရက်လျှင် ဆီတစ်ကျပ်သားနှုန်းဖြင့် ငါးရက်စာအတွက်လည်းကောင်း၊ အိမ်ထောင်စုတစ်စုလျှင် ဆား နှစ်ထုပ်နှုန်းဖြင့်လည်းကောင်း၊ အိမ်ထောင်စုတစ်စုလျှင် ငါးပိ ၁၅ ကျပ်သားနှုန်းဖြင့်လည်းကောင်း စုစုပေါင်း ဆန် ၁၃၂ အိတ်၊ ဆီ ၆၇ ပိဿာ၊ ဆား ၈၁၆ ထုပ်၊ ငါးပိ ၉၁ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ရာ လေဘေးသင့်ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အရည်အသွေးရှိသော ဆရာ ဆရာမများ ဖြည့်ဆည်းလေ့ကျင့်ပျိုးထောင်ရေးစာတမ်း မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)တွင် ဖတ်ကြား

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးရှိသော ဆရာ ဆရာမများ ဖြည့်ဆည်းလေ့ကျင့်ပျိုးထောင်ရေးသည် အရေးကြီးသည့် အချက်တစ်ချက်အဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)တွင် တောင်ငူပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ဝင်းသိင်္ဂီကျော်က စာတမ်းဖတ်ကြား တင်သွင်းခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန – ၂ ၌ မေ ၁၈ မှ ၂၀ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ညီလာခံဒုတိယနေ့ Parallel Session 2 တွင် “KG+9 ပြီးမြောက်ရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ်ဆောင်ရွက်ရေး” ခေါင်းစဉ်အောက်တွင် အရည်အသွေးရှိသော ဆရာ ဆရာမများ ဖြည့်ဆည်းလေ့ကျင့်ပျိုးထောင်ရေးဆိုသည့် စာတမ်းကို ဖတ်ကြားတင်သွင်းခဲ့ခြင်းဖြစ်သည်။

“ကျွန်မတို့နိုင်ငံက ဆရာ ဆရာမတွေအားလုံး အရည်အသွေးပြည့်ဝနေမှ ကလေးတွေကို ပြည့်ပြည့်ဝဝ ပြန်ပြီး လေ့ကျင့်သင်ကြားပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အရည်အသွေးပြည့်ဝတဲ့ ဆရာ ဆရာမတွေ ဖြည့်ဆည်းပေးနိုင်ရေးက အရေးကြီးဆုံးအခန်းကဏ္ဍဖြစ်တဲ့အတွက် ကျွန်မက စာတမ်းပြုစုသူအနေနဲ့ ဖြစ်နိုင်တဲ့ နည်းလမ်းတွေကို ဆွေးနွေးပြုစုတင်ပြတာဖြစ်ပါတယ်” ဟု စာတမ်းရှင်က ဆိုသည်။

ဆရာ ဆရာမများ အရည်အသွေးပြည့်ဝရေးအတွက် ဆရာအတတ်ပညာ သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရန်၊ ပညာရေးဒီဂရီကောလိပ်များတွင် ဆရာ ဆရာမများ ပြည့်မီစွာ ဖြည့်ဆည်းခန့်ထားရန်၊ ဆရာ ဆရာမများ ခေါ်ယူရာတွင် အရည်အချင်း ဖြေလျှော့ခေါ်ယူရန် စသည့်အချက်များကို တက်ရောက်သူများက အကြံပြုဆွေးနွေးခဲ့သည်။

“ကျွန်မတို့က ကလေးတွေကို (Knowledge) အသိပညာပေးမယ်။ (Skill) ကျွမ်းကျင်မှုတွေ ပေးမယ်။ (Attitude) ခံယူချက် သဘောတရားတွေ မှန်ကန်အောင်လည်းပေးမယ်။ ဒီလိုတွေပေးနိုင်ဖို့ဆရာ ဆရာမတွေကို ဖြည့်ဆည်းလေ့ကျင့်ပေးဖို့အတွက်လည်း ဆွေးနွေးခဲ့ပါတယ်” ဟု ညီလာခံတွင် ထည့်သွင်းဆွေးနွေးခဲ့သည့် အကြောင်းရာများနှင့် ပတ်သက်၍ စာတမ်းရှင်က အနှစ်ချုပ်ပြောကြားသည်။

ထို့ပြင် ပညာရေးဒီဂရီကောလိပ် သင်ရိုးများတွင် Informal နှင့် Non-Formal သဘောတရားနှင့် သင်နည်းများ ထည့်သွင်းရေးဆွဲရန်၊ ကျောင်းအခြေပြုဆွေးနွေးပွဲများ၊ သင်တန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ Action Research များပို့ချရန်၊ ဆွေးနွေးပွဲစရိတ်များ၊ အသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်ရန်ဆိုသည့် အချက်များကိုလည်း တက်ရောက်သူများ (ပညာရှင်များက) ထောက်ပြဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကို ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး စကားဝိုင်းဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများပါဝင်ကာ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် အဟန့်အတားဖြစ်နေသည့် အခက်အခဲများ၊ ပြဿနာများ၊ စိန်ခေါ်မှုများကို စုပေါင်းဆွေးနွေး အဖြေရှာ၍ အနာဂတ်ပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **ဝင်းသန့်**

# KG+9 ပြီးမြောက်အောင်မြင်သူ လူငယ်လူရွယ်များကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များရရှိရေး ဆွေးနွေး

**နေပြည်တော် မေ ၂၀**

KG+9 ပြီးမြောက်အောင်မြင်သူ လူငယ်လူရွယ်များကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များရရှိရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)တွင် ပညာရှင်များက စာတမ်းခြောက်စောင်တင်သွင်းဖတ်ကြားကာ ဆွေးနွေးအဖြေရှာခဲ့ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၂ ၌ မေ ၁၈ မှ ၂၀ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ညီလာခံဒုတိယနေ့ Parallel Session 3 တွင် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

“KG+9 ပြီးမြောက်အောင်မြင်သူ လူငယ်လူရွယ်များကို စက်မှုစိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များရရှိရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများ ဖော်ထုတ်ရေး” ခေါင်းစဉ်ဖြင့် ကျင်းပရာ Chair အဖြစ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ Co-chairs အဖြစ် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖြိုးမြင့်ဆွေနှင့် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးစိုးဝင်းတို့ကဆောင်ရွက်ပြီး နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်ဇေယျမြင့်က “နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးသင်ယူနိုင်မှု အခွင့်အလမ်းကို ပြည်သူလူထု ပိုမိုသိရှိနားလည်လာစေရန် တိုးမြှင့်ဆောင်ရွက်ရေး”စာတမ်း၊ စိုက်ပျိုးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလေးလေးခိုင်က “KG+9 အလွန် ပညာရေးတွင် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးကို သင်ယူနိုင်သောသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး” စာတမ်း၊ နည်းပညာ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်ချိုသင်း က “KG+9 အလွန်ပညာရေးအတွက် လိုအပ်သော ဆရာ ဆရာမများ ခန့်ထားရေးနှင့်စွမ်းဆောင်မှုမြှင့်တင်နိုင်ရေး” စာတမ်း၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ကျော်သူက “KG+9 အလွန်ပညာရေးအတွက် နည်းပညာကဏ္ဍသင်ရိုးညွှန်းတမ်း၊ စစ်ဆေးအကဲဖြတ်မှု၊ အရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှုပိုမိုအားကောင်းအောင်ဆောင်ရွက်ရေး” စာတမ်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာရဲထွဋ်အောင်က “KG+9 အလွန်ပညာရေးအတွက် စိုက်ပျိုး-မွေးမြူရေးကဏ္ဍသင်ရိုးညွှန်းတမ်း၊ စစ်ဆေးအကဲဖြတ်မှု၊ အရည်အသွေးအာမခံမှုနှင့်စီမံခန့်ခွဲမှုပိုမိုအားကောင်းအောင်ဆောင်ရွက်ရေး”စာတမ်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်ကြည်ချို က “စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် သက်မွေးပညာသင်တန်းကျောင်းများမှ ပြီးမြောက်သူများအား ဘဝတစ်သက်တာ ပညာသင်ကြားခွင့်ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာအထက်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုရေးနှင့် ဆက်လက်ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများဖော်ဆောင်ရေး” စာတမ်းများကို ဖတ်ကြားခဲ့ကြသည်။

နည်းပညာနှင့် သက်မွေးပညာရပ်များကို သင်ယူလိုသူတိုင်း သင်ယူခွင့်ရရှိနိုင်ရေး ဆောင်ရွက်ရန်၊ သင်ယူနိုင်မှုအခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပြည်သူလူထု ပိုမိုသိရှိနားလည်လာစေရန် နည်းလမ်းများတိုးမြှင့်ဆောင်ရွက်ရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၊ လုပ်သားဈေးကွက်အခြေအနေ၊ ပညာရပ်အမျိုးအစားအလိုက် အလုပ်အကိုင်အခွင့်အလမ်းများအပေါ် အခြေခံ၍ သက်မွေးပညာရပ်အမျိုးအစားများနှင့် ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးရန်၊ ပုံမှန်သင်တန်းများတွင် ကျောင်းသားလက်ခံနိုင်မှုတိုးတက်စေရန်နှင့် ကျွမ်းကျင်မှုအခြေပြုကာလတို အသက်မွေးပညာသင်တန်းများနှင့် ဒေသအလိုက်လိုအပ်ချက်၏ တောင်းဆိုချက်အရ ရွေ့လျားကာလတိုသင်တန်းများ တိုးချဲ့ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးရန် စသည့်အချက်များကို စာတမ်းရှင်များက ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အဆင့်မြင့်ပညာဆက်လက်မသင်ကြားနိုင်သော ကျောင်းသား ကျောင်းသူများအား အသက်မွေးဝမ်းကျောင်းပညာအဖြစ် ဖွင့်လှစ်သင်ကြားပေးနိုင်ခြင်းဖြင့် ဒေသနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေကာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း တက်ရောက်လာကြသူများကလည်း ထောက်ပြဆွေးနွေးခဲ့ကြသည်။

**ဝင်းသန့်**

# ညောင်တုန်းမြို့နယ်တွင် မိုးရာသီစိုက်ပျိုးစရိတ်ဘဏ်ချေးငွေ ထုတ်ချေး

**ညောင်တုန်း မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အဆင်ပြေလွယ်ကူစွာ ရင်းနှီးနိုင်ရန်အတွက် တစ်ရာသီနှစ်ချင်းဆပ်ချေးငွေအဖြစ် ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်းအခမ်းအနားကို မေ ၁၈ ရက် မွန်းလွဲပိုင်းက မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်ဦးက ဘဏ်သမိုင်းကြောင်း၊ ချေးငွေမူဝါဒဆိုင်ရာများအား ရှင်းလင်းပြောကြားပြီး ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းထိုက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဖြစ်ပေါ်လာပုံ၊ နှစ်စဉ်ချေးငွေ၊ ဖွံ့ဖြိုးရေးချေးငွေထုတ်ချေးခြင်းလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး မိုးဟုတ်ကျေးရွာအုပ်စုမှ တောင်သူ ၂၇ ဦးသို့ ၁၂၄ ဧကအတွက် ငွေကျပ် ၁၈၆ သိန်း ထုတ်ချေးဆောင်ရွက်ပေးမှုအား ကြီးကြပ်ပြီး တောင်သူများလက်ဝယ်သို့ ချေးငွေများပေးအပ်ခဲ့သည်။

ညောင်တုန်းမြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေးရာတွင် ကနဦးလျာထားချက် ကျေးရွာအုပ်စု ၄၂ အုပ်စုအတွက်ငွေကျပ်သိန်း ၃၀၀၀၀ လျာထားကြောင်း သိရသည်။ **မြို့နယ်(ပြန်ဆက်)**

# ဝါးခယ်မမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

**ဝါးခယ်မ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဝါးခယ်မမြို့နယ်ဘဏ်ခွဲမှ မေ ၁၈ ရက် နံနက်ပိုင်းက တောင်သူများအား ၂၀၂၃ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အတွင်းရှိ အချိန်စေ့ကြွေးကျန်များ ပြန်လည်ပေးဆပ်ပြီးသူ ရွှေလောင်းကျေးရွာနှင့် ဇုက္ကနိကျေးရွာ အုပ်စုနှစ်အုပ်စုမှ တောင်သူ ၈၈ ဦး၏ စိုက်ဧက ၅၆၂ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ချေးငွေပေါင်း ၈၄၃ သိန်း စတင်ထုတ်ချေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညီလာခံရဲ့ရလဒ်တွေက နိုင်ငံရဲ့အနာဂတ်ပညာရေးအတွက် အင်မတန်ကောင်းမွန်မယ်လို့ ယုံကြည်ပါတယ်

ဒေါက်တာစိုးဝင်း

မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ မေ ၁၈ မှ ၂၀ ရက်အထိ ကျင်းပခဲ့ပြီး ညီလာခံတက်ရောက်လာကြသူများ၏စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။



မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံသို့ လာရောက်လေ့လာကြသူများကို တွေ့ရစဉ်။

**ဒေါက်တာစိုးဝင်း**

**(အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန)**



ဒေါက်တာစိုးဝင်း

ပညာရေးညီလာခံကို မေ ၁၈ ရက်က စတင်ကျင်းခဲ့တာ ဖြစ်ပါတယ်။ Panel Discussion ပြုလုပ်ခဲ့ပါတယ်။ ညီလာခံဒုတိယနေ့မှာ Parallel Session ခုနစ်ခု ပြုလုပ်ပါတယ်။ Session တစ်ခုကို စာတမ်းခြောက်စောင်စီ ဖတ်ကြားပါတယ်။ Session ခုနစ်ခုအနေနဲ့ စာတမ်း ၄၂စောင် ပါဝင်ပါတယ်။ Session တိုင်းမှာ ဘာတွေလုပ်သင့်တယ်ဆိုတဲ့ ရလဒ်တွေ၊ ရှေ့လုပ်ငန်းစဉ်တွေ ထွက်လာပါတယ်။

ဒီနေ့မှာ Session တစ်ခုစီကနေ ရလဒ်တွေ၊ အကြံပြုချက်၊ ရှေ့လုပ်ငန်းစဉ်တွေ အတည်ပြုဆွေးနွေးကြတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်ပညာရေးကောင်းမွန်ဖို့ ဘယ်အချက်ကို ဦးစားပေးရမလဲ ဆိုတဲ့အချက်တွေကို ဆက်လက်ဖော်ထုတ်သွားမှာ



ဒေါက်တာခင်မျိုးမြင့်ကြူ



ဒေါက်တာချိုချိုမြတ်အောင်



ဒေါက်တာသက်သက်သင်း



ဦးမျိုးဦး



ဒေါ်ခင်လေးလွင်



မဖြူဖြူစိုး

ဖြစ်ပါတယ်။

ညနေပိုင်းမှာ ရရှိလာတဲ့ရလဒ်တွေကို စုစည်းပြီး အနှစ်ချုပ်အဖြစ်ဆောင်ရွက်မှာဖြစ်ပါတယ်။ အကြံဉာဏ်၊ နည်းလမ်းတွေ ဝိုင်းပြီးပေးကြတာရှိပါတယ်။ ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး ခွဲခြားပြီး ရေတို၊ ရေရှည်စဉ်းစားပြီး ဆက်လက်အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ တချို့အပိုင်းတွေက ချက်ချင်းအကောင်အထည်ဖော်လို့ရသလို တချို့ရေရှည်လုပ်ဆောင်မယ့်အပိုင်းတွေဆိုရင် ရေရှည်အစီအစဉ်တွေဆွဲပြီး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ညီလာခံက အလွန်ကောင်းမွန်တဲ့ ညီလာခံတစ်ခုဖြစ်ပါတယ်။ ဒီညီလာခံက ပညာရေးနဲ့ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေအားလုံး ပူးပေါင်းပါဝင်တဲ့အတွက် အမြင်မတူတာတွေရှိပါတယ်။ အမြင်မတူတဲ့ ဝေဖန်ဆွေးနွေးချက်တွေပါတဲ့အတွက် ပိုပြီးကောင်းမွန်ပါတယ်။ ဒါကြောင့် ညီလာခံရဲ့ရလဒ်တွေက နိုင်ငံရဲ့ အနာဂတ်ပညာရေးအတွက် အင်မတန်ကောင်းမွန်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

**ဒေါက်တာခင်မျိုးမြင့်ကြူ**

**(ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း))**

**ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန**

ပညာရေးညီလာခံကို သုံးရက်ကျင်းပသွားတယ်။ အတော်အားရပါတယ်။ လူသားအရင်းအမြစ်များစွာကို မွေးထုတ်ပေးနိုင်တာက ပညာရေးဖြစ်တဲ့အတွက် နိုင်ငံတစ်နိုင်ငံမှာ ပညာရေးက အဓိကဖြစ်ပါတယ်။ ပညာရေးက မွေးထုတ်ပေးလိုက်တဲ့ လူသားအရင်းအမြစ်တွေက နောင်တစ်နေ့မှာ နိုင်ငံကို အထောက်အပံ့ပြုမယ့်လူတွေ ဖြစ်ပါတယ်။ ပညာရေးကို ပုံဖော်ပေးလိုက်တာက နိုင်ငံကို ပုံဖော်ပေးလိုက်တာနဲ့ အတူတူပါပဲ။

ဒီလို ညီလာခံ၊နှီးနှောဖလှယ်ပွဲတွေ ကျင်းပတာက မှန်ကန်တဲ့ စနစ်တွေကျင့်သုံးဖို့ အဖြေရှာတာဖြစ်ပါတယ်။ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကိုတင်ပြပြီး ဒါကို ဘယ်လိုကျော်လွှားမလဲ အဖြေရှာကြပါတယ်။ ပထမနေ့က ဆွေးနွေးသွားတဲ့ ခေါင်းစဉ်တွေဆိုရင် နိုင်ငံမှာ တကယ်ကြုံတွေ့နေရတဲ့ အခြေအနေတွေကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြပါတယ်။ ဒုတိယနေ့မှာ ပထမနေ့က ဆွေးနွေးတာတွေကို အခြေခံပြီး အခန်းခွဲအလိုက် အသေးစိတ် ထပ်မံဆွေးနွေးကြပါတယ်။

ထူးခြားချက်က ဒီညီလာခံကို တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေက အောက်ခြေအဆင့်ထိ ပါပါတယ်။ အပေါ်မှာ လုပ်နေရတဲ့ မူဝါဒချမှတ်သူတွေက အောက်ခြေမှာ ဘာဖြစ်နေတယ်ဆိုတာကို တစ်ခါတစ်ရံမှာ မသိကြပါဘူး။ ဒီမှာ အောက်ခြေဝန်ထမ်းက တင်ပြကြတော့ လူကြီးတွေကိုလည်း အသိပေးရာ ရောက်ပါတယ်။ တကယ်အကောင်အထည်ဖော်နေတဲ့သူက ဘယ်လိုဖြေရှင်းကြရင် ကောင်းမလဲဆိုပြီး လက်တွေ့ပိုဆန်လာပါတယ်။ လက်တွေ့ဆန်လာရင် ပိုပြီးအကောင်အထည်ဖော်လို့ရပါတယ်။ ဒီညီလာခံမှာ အခြေခံပညာနဲ့ပတ်သက်ပြီး ကျောင်းနေမြဲရေး၊ ကျောင်းတက်နှုန်းမြင့်မားရေးတွေကို ဆွေးနွေးလိုက်တယ်ဆိုရင် ကလေးတွေ ကျောင်းနေပျော်လာအောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့ ခေါင်းစဉ်တစ်ခု ရလာပါတယ်။ ကျောင်းနေပျော်ပြီး စာတတ်မှသာ နိုင်ငံကို ဦးဆောင်နိုင်မှာ ဖြစ်ပါတယ်။ တစ်နေ့ဒီကလေးတွေထဲက နိုင်ငံ့ခေါင်းဆောင်ကြီးတွေ ဖြစ်လာမှာဖြစ်ပါတယ်။ ပညာရေးအဆင့်မြင့်ဖို့အတွက် အခရာအကျဆုံးက ဆရာတွေဖြစ်ပါတယ်။ ဆရာကဏ္ဍကို အရေးကြီးတဲ့ ကဏ္ဍကြီးတစ်ခုအနေနဲ့ ဆွေးနွေးသွားကြတယ်ဆိုတော့ ပညာရေးတိုးတက်ဖွံ့ဖြိုးဖို့ တကယ်စွမ်းဆောင်ပေးနိုင်တဲ့ ညီလာခံကြီးလို့ ဆိုချင်ပါတယ်။

**ဒေါက်တာချိုချိုမြတ်အောင်**

**(ပညာရေးမှူး - မွန်ပြည်နယ်)**

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ ဘက်စုံထောင့်စုံက အားလုံးဝိုင်းဝန်းဆွေးနွေးအဖြေရှာကြတာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အရည်အသွေးရှိသော ဆရာ ဆရာမများ ဖြည့်ဆည်းလေ့ကျင့်ပျိုးထောင်ရေး ဆိုတဲ့ ခေါင်းစဉ်အောက်မှာ စာတမ်းငယ် နံပါတ် ၂ ဖြစ်တဲ့ “ဆရာ ဆရာမများ ပြုန်းတီးမှု လျော့ပါးစေရေးနှင့် လုပ်ငန်းခွင်ပျော်မွေ့စေရေး” ဆိုတဲ့ ခေါင်းစဉ်နဲ့ စာတမ်းတစ်ခုတင်သွင်းခဲ့ပါတယ်။

ဒီလို ပြုန်းတီးလျော့ပါးမှုတွေက ဘာကြောင့်ဖြစ်သလဲဆိုတဲ့ အကြောင်းအရင်းကိုသိတော့မှ တစ်ဖက်ကလည်း လျော့ပါးသွားတဲ့ ဝန်ထမ်းကို ပြန်လည်ဖြည့်ဆည်းဖို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လျော့ပါးမှုနည်းအောင် ပြင်ဆင်ရမယ့်ကိစ္စရပ်တွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဆရာ ဆရာမတွေ၊ ဝန်ထမ်းတွေအားလုံးက လုပ်ငန်းခွင်မှာ ပျော်ရွှင်မှုရှိနေဖို့နဲ့ မိမိတို့ရဲ့ အသက်မွေးဝမ်းကျောင်း အပေါ်မှာ ကျေနပ်အားရမှုရှိဖို့က အရေးကြီးတဲ့ကိစ္စရပ်ဖြစ်ပါတယ်။ လုပ်ငန်းခွင်မှာ ပျော်ရွှင်တယ်ဆိုရင် လုပ်ငန်းခွင်မှာ တည်မြဲမှာဖြစ်ပါတယ်။ အလုပ်ကိုလည်း ပိုမိုအာရုံစိုက်ပြီး သူ့ကိုယ်သူ တိုးတက်အောင် ကြိုးစားရင်းနဲ့တစ်ပြိုင်တည်း ပတ်ဝန်းကျင်ကိုလည်း တိုးတက်အောင် ကြိုးစားလာမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် သင်ကြားသင်ယူမှုကိုလည်း အောင်မြင်အောင် ဆောင်ရွက်လာမှာဖြစ်ပါတယ်။ ဆရာ ဆရာမတွေ လျော့ပါးပြုန်းတီးမှုကို ကာကွယ်ဖို့ဆိုရင် အဆင့်ဆင့်သော တာဝန်ရှိသူတွေက ဆရာ ဆရာမတွေ အားလုံးရဲ့ ခံစားချက်တွေကို တစ်ပြေးညီထည့်သွင်းစဉ်းစားပြီး ဖြည့်ဆည်းပေးနိုင်သမျှကို ဖြည့်ဆည်းပေးရမှာ ဖြစ်ပါတယ်။ အမှန်တကယ်ရှိနေတဲ့ သတင်းအချက်အလက်တွေ၊ နိုင်ငံတော်က ပံ့ပိုးပေးနေတဲ့ ကိစ္စရပ်တွေ၊ တချို့လက်လှမ်းမမီလိုက်လို့၊ မသိလိုက်လို့ ဖြစ်သွားတဲ့ ကိစ္စရပ်တွေ မဖြစ်ပေါ်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ပညာရေးဆိုင်ရာ သတင်းအချက်အလက်တွေရော ကျန်တဲ့ စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်တွေပါ အားလုံးကို ဆရာ ဆရာမတွေ သိရှိအောင် မျှဝေပေးဖို့ လိုအပ်ပါတယ်။ ဝန်ထမ်းရေးရာကိစ္စတွေ စီမံခန့်ခွဲတဲ့အခါမှာလည်း သတ်မှတ်ထားတဲ့မူဝါဒအတိုင်း ထင်သာမြင်သာရှိအောင် ဝန်ထမ်းတိုင်းကျေနပ်လက်ခံနိုင်တဲ့ အနေအထားမျိုးဖြစ်အောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဆရာ ဆရာမအသစ်တွေ နေရာချထားတဲ့အပိုင်းမှာလည်း ရပ်ရွာပြည်သူလူထုရဲ့ ကူညီစောင့်ရှောက်ဖေးမမှုနဲ့ တန်ဖိုးထားကြိုဆိုမှု ရရှိဖို့အတွက် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**ဒေါက်တာသက်သက်သင်း**

**(ကျောင်းအုပ်ကြီး၊ အ.ထ.က(၁၁)နေပြည်တော်)**

အခြေခံပညာကဏ္ဍမှာ ရွေ့လျားသိပ္ပံနဲ့ပတ်သက်တဲ့ သင်ကြားသင်ယူမှု အထောက်အကူပြု သိပ္ပံဘာသာရပ်အတွက် စက်ပစ္စည်းတွေကို လာရောက်ခင်းကျင်းပြသတာဖြစ်ပါတယ်။ Draw A Star စက်တွေမှာဆိုရင် ကြယ်ပုံဆွဲပါတယ်။ ကြယ်ပုံဆွဲတယ်ဆိုရင် ကြယ်ပုံကို Mirror Effect နဲ့ ဆွဲတာဖြစ်ပါတယ်။ ကြေးမုံကနေ သက်ရောက်တဲ့ပုံက ပုံရိပ်ယောင်ဖြစ်နေတာပါ။ ပုံရိပ်စစ်ဆိုပေမယ့် အတည့်မပေါ်ဘဲ ပြောင်းပြန်ပေါ်နေတာ ဖြစ်ပါတယ်။ အမြင်အာရုံကနေ မြင်တာနဲ့ ဦးနှောက်နဲ့လက်က ဆန့်ကျင်ဘက်ဖြစ်နေတဲ့အခါ ဒီကြယ်ပုံလေးတွေက ထပ်တူကျဖို့ ခက်ခဲတယ်ဆိုတာကို ပြသတာဖြစ်ပါတယ်။ ပြခန်းကို လာရောက်လေ့လာတဲ့ ကျောင်းသား ကျောင်းသူတွေက ဒီကြယ်ပုံလေးကို ခက်ခက်ခဲခဲနဲ့ ထပ်တူကျအောင်ဆွဲကြည့်ပြီး ပျော်ရွှင်နေကြတာကို တွေ့ရပါတယ်။

Flying Bird In the Cage စက်မှာဆိုရင် လှောင်အိမ်ထဲမှာ ငှက်တွေပျံသန်းတာ ဖြစ်ပါတယ်။ တကယ်တမ်းကျတော့ လှောင်အိမ်ထဲမှာ ငှက်တွေပျံသန်းထားတာ မရှိပါဘူး။ ရွေ့လျားမှုဖြစ်လိုက်တဲ့အခါမှာ ငြိမ်နေတဲ့ပုံရိပ်တွေက လှောင်အိမ်ထဲမှာဝင်ပြီး ပျံသန်းနေတဲ့ပုံသဏ္ဌာန်ဖြစ်နေပါတယ်။ အဖြူနဲ့အမည်း ငှက်ပုံသဏ္ဌာန်လေးတွေ တည်ဆောက်မှု ပုံစံလေးတွေကနေ အမြင်အာရုံကို လှည့်စားသွားတဲ့ သဏ္ဌာန်ကို ပြသထားတာဖြစ်ပါတယ်။

စာမျက်နှာ ၁၃ သို့ ❍

# မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)သို့ နေပြည်တော်အတွင်းရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

နေပြည်တော် မေ ၂၀

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံ (၂၀၂၃) တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ နှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြည့်ရှုကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံ(၂၀၂၃)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ မေ ၁၈ မှ ၂၀ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး စာတမ်းဖတ်ပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများနှင့်အတူ ပညာရပ်ဆိုင်ရာ ပြခန်းများကို ထည့်သွင်းပြသခဲ့ခြင်းဖြစ်သည်။



မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ၌ ခင်းကျင်းပြသထားသည့် ပြခန်းများတွင် လာရောက်လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ညီလာခံဆိုင်ရာ သတင်းအချက်အလက်ပြခန်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် သက်မွေးပညာကဏ္ဍပြခန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနပြခန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပြခန်းပေါင်း ၃၀ ပါဝင်ပြသထားသည်။

"ပန်းချီလက်ရာကို ချစ်မြတ်နိုးတတ်စေဖို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်နဲ့ မန္တလေးမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေက ကလေးတွေကို Hand Painting ရေးဆွဲပေးတာပါဝင်တယ်။ ဒါ့အပြင် မြန်မာ့ရိုးရာရုပ်သေးပညာ၊ စောင်း၊ ပတ္တလားစတဲ့ တူရိယာတွေနဲ့ သီဆိုဖျော်ဖြေမှုတွေလည်း ပါဝင်တဲ့အတွက် ကလေးတွေလည်း အတော့်ကို စိတ်ဝင်စားကြပါတယ်" ဟု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပြခန်းတာဝန်ခံတစ်ဦးက ဆိုသည်။

ထို့ပြင် ပညာရပ်ဆိုင်ရာနှင့် သင်ခန်းစာ အထောက်အကူပြုပြခန်းများအပြင် စိတ်လက်အပန်းဖြေ ပျော်ရွှင်စေရန် ဂိမ်းကစားနည်းများ ပါဝင်သည့်အတွက် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာမှုများပြားခဲ့ကြောင်း သိရသည်။

**ဝင်းသန့်**

---

○ စာမျက်နှာ ၁၂ မှ

Varying Landscape မှာဆိုရင် ရှုခင်းပုံစံပန်းချီတွေကို ဖလင်တစ်ခုနဲ့ ခံပြီး ကြည့်လိုက်တဲ့အခါမှာ အလင်းအမှောင် အရောင်အမျိုးမျိုးကွဲပြားသွားပါတယ်။ ဒီပုံစံကို ဗီဒီယိုစက်နဲ့ ရုပ်ရှင်ရိုက်တဲ့စက်တွေမှာလည်း အသုံးပြုပါတယ်။

Resonant Ring မှာဆိုရင် အသံထုတ်နိုင်တဲ့ ကွင်းတွေ ဖြစ်ပါတယ်။ တကယ်တမ်းမှာတော့ လူရဲ့အသံ ထုတ်လာပြီဆိုရင် လျှာရဲ့တည်ဆောက်ပုံ၊ တုန်ခါမှုကြောင့် အသံတွေ ဖြစ်ပေါ်လာတယ်ဆိုတာကို ဒီကွင်းတွေကနေ ကြိမ်နှုန်း အနည်းအများကနေစမ်းသပ်လို့ ရတယ်ဆိုတာကို ပြသထားပါတယ်။ Aerial Imaging က ဝေဟင်ပုံရိပ်ဖမ်းစက်ဖြစ်ပါတယ်။ LED မီးလုံးလေးတွေကနေတစ်ဆင့် လှည့်လိုက်တဲ့အခါမှာ အရှိန်နဲ့ ဒီမီးလုံးလေးတွေနဲ့ စာတန်းလေးတွေ ဖော်လို့ရပါတယ်။ ရုပ်ပုံလေးတွေလည်း ဖော်လို့ရပါတယ်။ ဒီပြသမှုတွေကနေတစ်ဆင့် သင်ခန်းစာ အထောက်အကူပြုနိုင်တယ်ဆိုပြီးတော့ ရွှေလှုပ်သိပ္ပံအနေနဲ့ ဒီပြခန်းမှာ ပြသထားတာဖြစ်ပါတယ်။

**ဦးမျိုးဦး(ဌာနမှူး၊ (စီမံ/ဘဏ္ဍာ)**

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

ဒီပြခန်းမှာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်နဲ့ မန္တလေးမှာ ရှိတဲ့ တက္ကသိုလ်နှစ်ခုက ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ဆိုတဲ့ ဌာနကြီး ငါးခုရဲ့ လုပ်ဆောင်ချက်တွေကို ပါဝင်ပြသတာဖြစ်ပါတယ်။ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ် ရန်ကုန်က ဂီတ၊ သဘင်၊ ရုပ်ရှင်၊ ပြဇာတ်နဲ့ မန္တလေးတက္ကသိုလ်ကတော့ ပန်းချီ၊ ပန်းပုဆိုပြီး ပြသထားပါတယ်။

ဒါ့အပြင် ပန်းချီလက်ရာကို ချစ်မြတ်နိုးတတ်စေဖို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်နဲ့ မန္တလေးမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေက ကလေးတွေကို Hand Painting ရေးဆွဲပေးတာဖြစ်ပါတယ်။ ဒီဇိုင်းအမျိုးမျိုးမှာ ကလေးတွေကြိုက်နှစ်သက်ရာကို ရေးချယ်ပေးပါတယ်။ ကလေးတွေလည်း အတော့်ကို စိတ်ဝင်စားကြပါတယ်။

မဟာဝိဇ္ဇာဘွဲ့ ယူကျမ်း၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ပြဋ္ဌာန်းချက်များ၊ တက္ကသိုလ်က ပြုစုထုတ်ဝေသောစာအုပ်များ၊ သစ်သားပန်းပုထု ကိရိယာများ၊ Drawing Pencils၊ Brushes၊ Pallet တို့ကိုလည်း ခင်းကျင်းပြသထားပါတယ်။ ဂီတပညာ၊ သဘင်ပညာ၊ ပန်းချီပညာ၊ ပန်းပုပညာနဲ့ ရုပ်ရှင်နှင့် ပြဇာတ်တို့ရဲ့ ဆောင်ရွက်ထားမှုတွေလည်း ပါဝင်ပါတယ်။

ဗဟုသုတရရှိစေဖို့ ရည်ရွယ်ချက်အနေနဲ့ ရသစာတမ်းများစာအုပ်၊ သုတေသနစာတမ်းစာအုပ်၊ နိုင်ငံတော်မူမဟာဂီတသီချင်းကြီးများ၏ ဂီတသင်္ကေတများစာအုပ်နဲ့ ငွေရတုအထိမ်းအမှတ် မဂ္ဂဇင်းများကို ရောင်းချပေးပါတယ်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်နဲ့ မန္တလေးရဲ့ ကျောင်းသားကျောင်းသူတွေကလည်း ရုပ်သေးရုပ်ကပြမှုနဲ့ တေးသီချင်းဖျော်ဖြေမှုတွေကိုလည်း အားဖြည့်ထားပါတယ်။

ကျောင်းတွေကို စတင်တည်ထောင်ကတည်းက အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တွေကို နောင်မျိုးဆက်သစ်လူငယ်တွေက ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်ဆိုတဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ်။ အနုပညာဝါသနာပါတဲ့ မြန်မာနိုင်ငံအရပ်ရပ်မှာရှိတဲ့ မျိုးဆက်သစ်လူငယ်တွေ၊ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူတွေကို ကျွန်တော်တို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွေက ဖိတ်ခေါ်ပါတယ်လို့ ပြောကြားလိုပါတယ်။

**ဒေါ်ခင်လေးလွင်**

**(ဒုတိယညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)**

ဒီပြခန်းပြရတဲ့ ရည်ရွယ်ချက်ကတော့ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ အထက်တန်းကျောင်းတွေမှာ စိုက်ပျိုးရေး၊ မွေးမြူရေး အတတ်ပညာသင်ရိုးညွှန်းတမ်းနဲ့ စက်မှုအထက်တန်းကျောင်းတွေမှာ သင်ကြားမယ့် ဘာသာရပ်တွေကို မိတ်ဆက်တာဖြစ်ပါတယ်။ အဓိကကတော့ KG+9 အောင်မြင်ပြီး ကျောင်းသား ကျောင်းသူတွေရဲ့ သက်မွေးပညာရပ်အနေနဲ့ အထောက်အကူဖြစ်စေဖို့ မိတ်ဆက်တာ ဖြစ်ပါတယ်။ KG+9 အောင်မြင်ပြီးတဲ့အခါ Grade-10 စိုက်ပျိုးရေး၊ မွေးမြူရေး အတတ်ပညာသင်ရိုးညွှန်းတမ်းတွေကို ပြသထားပါတယ်။ သင်ရိုးညွှန်းတမ်းတွေမှာ ပါဝင်တဲ့ သင်ထောက်ကူပစ္စည်းတွေကိုလည်း ပြသထားပါတယ်။

ပညာသင်ယူနိုင်မယ့် အခွင့်အလမ်းတွေ၊ ဒီနှစ်မှာ ဖွင့်လှစ်မယ့် ခရိုင် ၅၀ မှာရှိတဲ့ ကျောင်းပေါင်း ၅၁ ကျောင်းရဲ့ တည်နေရာမြေပုံတွေကို ကျောင်းသား ကျောင်းသူတွေ၊ မိဘတွေ၊ အများပြည်သူတွေ သိရှိစေဖို့ ပြသထားခြင်းဖြစ်ပါတယ်။ အခြေခံပညာ အလယ်တန်း အောင်မြင်ပြီးတဲ့အခါ အသက်မွေးဝမ်းကျောင်းတစ်ခုအနေနဲ့ တိုးတက်မှုရှိစေဖို့နဲ့ ဆက်လက်ပညာသင်ယူနိုင်တဲ့အခွင့်အရေးတွေကို သိရှိစေချင်တဲ့အတွက် ဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်းအလုပ်ကို အခြေခံတဲ့ လုပ်ငန်းကို လုပ်ကိုင်ချင်စိတ်ဖြစ်ပေါ်အောင် ရည်ရွယ်တာလည်း ဖြစ်ပါတယ်။

ပညာရေးညီလာခံကျင်းပပေးတာ အလွန်ကောင်းမွန်ပါတယ်။ ဒီလိုညီလာခံ ကျင်းပပေးခြင်းက အခြေခံပညာအဆင့်၊ သက်မွေးပညာအဆင့်၊ အဆင့်မြင့် ပညာအဆင့် တွေမှာရှိတဲ့ ပညာရပ်တွေကို လေ့လာဆည်းပူးခွင့်ရမယ့်အခွင့်အလမ်းဖြစ်ပါတယ်။ ဒါ့အပြင် လိုအပ်နေတဲ့ မူဝါဒတွေကိုလည်း ချမှတ်နိုင်တဲ့အပြင် ဆက်လက်ဖော်ဆောင်နိုင်မယ့် အခွင့်အလမ်းတွေလည်း ရရှိနိုင်မှာဖြစ်ပါတယ်။

**မဖြူဖြူစိုး**

**(ကျောင်းသူ)**

သူငယ်ချင်းတွေနဲ့အတူ ပညာရေးညီလာခံမှာခင်းကျင်းပြသထားတဲ့ ပြခန်းတွေကို လာရောက်လေ့လာတာဖြစ်ပါတယ်။ ပြခန်းတွေအားလုံးကိုလည်း လေ့လာခဲ့ပြီးပါပြီ။ ပြခန်းတွေအားလုံးထဲမှာ သိပ္ပံနဲ့နည်းပညာ ပြခန်းကို စိတ်ဝင်စားပါတယ်။ သမီးရဲ့ ရည်မှန်းချက်က ဆရာဝန်တစ်ယောက်ဖြစ်ချင်တဲ့အတွက် ကျန်းမာရေးပြခန်းကို ပိုပြီး လေ့လာဖြစ်ခဲ့ပါတယ်။ ကျန်းမာရေးပြခန်းက သမီးရဲ့ ရည်မှန်းချက်အတွက် အထောက်အကူပြုစေမယ့် ပြခန်းတစ်ခုလို့ မြင်မိပါတယ်။ ပြခန်းတွေလည်း အများကြီး ပြသထားတဲ့အတွက် သမီးတို့ မသိသေးတဲ့ ပညာရပ်တွေကို တွေ့မြင်လေ့လာရလို့ ဗဟုသုတတွေလည်း ရရှိပါတယ်။ ပညာရေးအတွက် အထောက်အကူပြုစေမယ်လို့ ယုံကြည်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဝင်းသန့်**

**ဓာတ်ပုံ- ထိန်နန်နေဝ်**

---

## အုတ်ဖိုမြို့၌ ၂၀၂၃ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ ကျင်းပ

အုတ်ဖို မေ ၂၀

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲကို မေ ၁၉ ရက် နံနက်ပိုင်းကကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းဒေသကြီး မန်နေဂျာ ဦးကျော်သူရက ချေးငွေထုတ်ချေးပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်မန်နေဂျာ ဒေါ်လွင်မာကြည်က ကျေးရွာအုပ်စုများမှ တောင်သူများအနေဖြင့် ချေးငွေများ အချိန်မီ ထုတ်ချေးနိုင်ရေးအတွက် ကြွေးကျန်များကို အချိန်မီပေးဆပ်ကြရန်နှင့် ချေးငွေများကို လယ်ယာလုပ်ငန်းတွင် အကျိုးရှိစွာ အသုံးပြုရန် ဆွေးနွေးကာ ချေးငွေစည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးမန်နေဂျာ ဦးကျော်သူရနှင့် တာဝန်ရှိသူများက ၂၀၂၂ မိုးစပါးချေးငွေ အပြေအကျေ ပေးဆပ်ပြီးသည့် အုတ်ဖိုမြို့နယ် ရှားတောကွင်း ကျေးရွာအုပ်စုမှ တောင်သူ ၄၄ ဦး၊ ၂၄၉ ဧကအတွက် ၂၀၂၃ မိုးစပါးချေးငွေများကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အုတ်ဖိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)တွင် ၂၀၂၃ ခုနှစ် စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူ ၁၀၄၀၀ အတွက် ချေးငွေကျပ်သိန်း ၈၇၅၀၀ ထုတ်ချေးရန် လျာထားကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ ကျင်းပ

ဒိုက်ဦး မေ ၂၀

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲရုံး၌ မေ ၁၈ ရက်က ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ အခမ်းအနားပြုလုပ်သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တိုင်းမန်နေဂျာ ဦးကျော်သူရက ၂၀၂၃ ခုနှစ် ဘဏ်ချေးငွေ ထုတ်ချေးရခြင်းအကြောင်း ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးက ချေးငွေများ ကောက်ခံရရှိရေးအတွက် ဆွေးနွေးပြောကြားသည်။

**ချေးငွေပေးအပ်**

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာဒေါ်ဇေဒါရီကြာ ဆွေးနွေးပြောကြားပြီး ပဲခူးတိုင်းဒေသကြီး မန်နေဂျာ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာတို့က တောင်သူများအား ချေးငွေပေးအပ်ရာ ကမာဇရုံကျေးရွာအုပ်စုရှိ တောင်သူ ၁၀၇ ဦးအတွက်ချေးငွေကျပ် ၉၁ သောင်း ၃၅ သိန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## ဒုတိယဗိုလ်ချုပ်ကြီး လူအေး ကျောက်ဖြူမြို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့်တွေ့ဆုံပြီး ပျက်စီးဆုံးရှုံးသည့်နေရာများအား ကြည့်ရှုစစ်ဆေး

ကျောက်ဖြူ မေ ၂၀

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊ ဗိုလ်မှူးချုပ်ဇော်မင်းအေးနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် ကျောက်ဖြူမြို့၌ ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရောက်ရှိလာပြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တွေ့ဆုံကာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသည့်နေရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊ ဗိုလ်မှူးချုပ် ဇော်မင်းအေးနှင့် တာဝန်ရှိသူများသည် ကျောက်ဖြူပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့် ခေါင်မိုးနှင့် မျက်နှာကြက်ပျက်စီးသွားသည့် သဇင်ဆောင်အဆောက်အအုံအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးမှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးလူအေးနှင့် တာဝန်ရှိသူများသည် ကျောက်ဖြူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိရာ ကျောက်ဖြူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲလင်းမောင်က သဘာဝဘေးကြိုတင်စီမံဆောင်ရွက်ထားရှိမှုနှင့် သဘာဝဘေးကျရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြဆွေးနွေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး လူအေးက ကျောက်ဖြူမြို့နှင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်အချို့တွင် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်ထားရှိသည့်အတွက် ပျက်စီးဆုံးရှုံးမှုနည်းပါးပြီး ပြည်သူများ ထိခိုက်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်သည့်အခါတွင်လည်း ဒေသခံပြည်သူများနှင့် သက်ဆိုင်ရာဌာနများမှ ပူးပေါင်းကူညီဆောင်ရွက်ရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးလူအေးနှင့် တာဝန်ရှိသူများသည် ကျောက်တစ်လုံး IDP အိမ်ရာစခန်းသို့သွားရောက်ကာ စခန်းကြီးကြပ်ရေးကော်မတီအဖွဲ့တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်မည့် အစီအမံများအား ပြောကြားကာ ကျောက်တစ်လုံး IDP အိမ်ရာစခန်း၌ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့က သဘာဝဘေးဖြစ်ပွားသည့်ဒေသများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် သွပ်များထောက်ပံ့

ကျိန္တလီ မေ ၂၀

ရခိုင်ပြည်နယ် ကျိန္တလီမြို့၌ ဆိုင်ကလုန်း(မိုခါ) မုန်တိုင်း တိုက်ခတ်မှုကြောင့် စေတီကွင်းကျေးရွာအုပ်စု ကျောက်ခေါင်းကွင်းကျေးရွာရှိ စာသင်ကျောင်းတွင် အမိုးများ ပျက်စီးခဲ့သဖြင့် အဆိုပါ စာသင်ကျောင်းအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သွပ် ၁၈၅ ချပ်ကို ယနေ့နံနက် ၈ နာရီတွင် သွားရောက်ပေးအပ်သည်။

ထိုသို့ပေးအပ်ရာတွင် ဗိုလ်ချုပ်စိုးနိုင်ဦး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗိုလ်မှူးချုပ်ကျော်ကျော်သန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးတို့တက်ရောက်ကြပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးသော သွပ် ၁၈၅ ချပ်ကို စေတီကွင်းကျေးရွာအုပ်စု ကျောက်ခေါင်းကွင်း ကျေးရွာ အမက ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန္တာအောင်နှင့် ကျေးရွာရှိပြည်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## မြောက်ဦးမြို့နယ်အတွင်းရှိ အမိုးလန်ပျက်စီးသွားသည့် စာသင်ကျောင်းများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

မြောက်ဦး မေ ၂၀

မြောက်ဦးမြို့နယ်အတွင်းရှိ မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးသွားသည့် စာသင်ကျောင်းများအား ယနေ့ နံနက် ၈ နာရီခွဲတွင် ဗိုလ်ချုပ်သောင်းထိုက်ရွှေနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ ဗိုလ်ချုပ် သောင်းထိုက်ရွှေနှင့်အဖွဲ့သည် မြောက်ဦးမြို့ပေါ်ရှိ စာသင်ကျောင်းများဖြစ်သော အထက (၁)၊ အထက(ခွဲ) လ(၁)၊ တောင်ရပ် အမက (မူလွန်) ကျောင်းများသို့ သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့် ခေါင်မိုးနှင့် မျက်နှာကြက် ပျက်စီးသွားသည့် အဆောက်အအုံများအား လှည့်လည်စစ်ဆေးခဲ့ကြပြီး အမြန်ဆုံး ပြန်လည် ပြုပြင်နိုင်ရန်နှင့် ကျောင်းဖွင့်ရာသီ နီးလာပြီဖြစ်၍ ကျောင်းဖွင့်ရက်မတိုင်မီ အမြန်ဆုံး ပြုပြင်ပြီးစီးနိုင်ရေး တာဝန်ရှိသူများကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မြေပုံမြို့နယ်၌ လေဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်(ဆန်)ထောက်ပံ့ပေးအပ်

မြေပုံ မေ ၂၀

ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သောဆန်များအား ဗိုလ်မှူးချုပ် ကျော်ကျော်စိုးဦးဆောင်သော သဘာဝဘေးပြန်လည်ထူထောင်ရေးအဖွဲ့ဝင်များက ယနေ့ မွန်းလွဲ ၂ နာရီတွင် ထိခိုက်မှုများပြားသော ကျေးရွာအုပ်စု ၁၆ အုပ်စုသို့ ဆန်များ လွှဲပြောင်းထောက်ပံ့ပေးအပ်သည်။

ဆန်ထောက်ပံ့ပေးအပ်ရာသို့ဗိုလ်မှူးချုပ် ကျော်ကျော်စိုး၊ နယ်မြေခံတပ်နယ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီး ထွဋ်ခေါင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်လင်းနိုင်နှင့်အဖွဲ့ဝင်များ၊ သဘာဝဘေး ပြန်လည်ထူထောင်ရေးကော်မတီဝင်များက မြေပုံမြို့နယ်တွင် ရပ်ကွက် ၁၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၉ အုပ်စု၊ ကျေးရွာ ၁၅၅ ရွာတို့မှ လေဘေးသင့်ပြည်သူ ၃၁၅၅၃ ဦးရှိရာ ထိခိုက်မှုများသော ကျေးရွာအုပ်စု ၁၆ အုပ်စု၊ ကျေးရွာ ၃၁ ရွာတို့မှ လေဘေးသင့်ပြည်သူ ၉၅၄၂ ဦးအတွက် တစ်ဦးလျှင် နို့ဆီဘူး ၁၀ လုံးနှုန်းဖြင့် ဆန်ရိက္ခာငါးရက်စာအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆန်များမှ ဆန်အိတ် ၄၉၆ အိတ်နှင့် ဆန်နို့ဆီဘူး၁၀လုံးကိုကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ် ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှု စနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည် ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှု ပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ် အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး<br>ရုံး ၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေး<br>တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |



















အမျိုးသားသဘာဝ
ဘေးအန္တရာယ်ဆိုင်ရာ
စီမံခန့်ခွဲမှုကော်မတီ

## မာန်အောင်မြို့နယ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ရန် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

**မာန်အောင် မေ ၂၀**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ မုန်တိုင်းဒဏ်ကြောင့် လူနေအိမ်နှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်ဦးသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(ခေတ္တ)ဥက္ကဋ္ဌ ဗိုလ်မှူးသူရိန်စိုးနှင့်အတူ ယမန်နေ့ညနေ ၄ နာရီက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ကျီချောင်းဝကျေးရွာ(အမက)၊ မီးလောင့်ထောင့်ကျေးရွာ(အမက)၊ ကျောက်တန်းကျေးရွာ (အထက) စသည့်နေရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဗိုလ်မှူးချုပ်ကျော်ကျော်ဦးသည် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဗိုလ်မှူးချုပ်ကျော်ကျော်ဦးက မာန်အောင်မြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများကို ဦးစားပေးပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထွဋ်က သဘာဝဘေးကျရောက်ပြီးစီးမှုအခြေအနေနှင့် စာရင်းကောက်ယူထားမှု အခြေအနေများကိုတင်ပြရာ ဗိုလ်မှူးချုပ်ကျော်ကျော်ဦးက စာရင်းဇယား မှန်ကန်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ကြရန် ညှိနှိုင်းပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြေပုံမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တွေ့ဆုံ



**မြေပုံ မေ ၂၀**

ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် ယမန်နေ့ညနေ ၅ နာရီခွဲက ရခိုင်ပြည်နယ် မြေပုံမြို့နယ်တွင် မိုခါ မုန်တိုင်းဒဏ်ကြောင့် လူနေအိမ်နှင့် အဆောက်အအုံများ၊ တာတမံများ၊ လူနှင့် တိရစ္ဆာန်များ သေကျေပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန် နယ်မြေခံတပ်နယ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီးထွဋ်ခေါင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်လင်းနိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေးအဖွဲ့များ၊ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်လင်းနိုင်က သဘာဝဘေး မဖြစ်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် မိုခါ မုန်တိုင်းတိုက်ခတ်ပြီး ပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်ထားရှိမှုများအား Projector ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်မှူးချုပ်ကျော်ကျော်စိုးက မြေပုံမြို့နယ်၌ ပျက်စီးဆုံးရှုံးမှုများသည့်နေရာများကိုပြန်လည်ထူထောင်ရေး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရာ၌လည်း ပျက်စီးဆုံးရှုံးမှု စာရင်းဇယားမှန်ကန်မှုသည် အရေးကြီးကြောင်းနှင့် ဌာနဆိုင်ရာများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျန်းမာရေးဝန်ကြီးဌာနမှ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် အထူးကုဆရာဝန်ကြီးများပါဝင်သည့် ဆေးအဖွဲ့များက မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိ

**စစ်တွေ မေ ၂၀**

ကျန်းမာရေးဝန်ကြီးဌာနသည် မိုခါမုန်တိုင်း ဘေးအန္တရာယ်ကျရောက်မှုနှင့်စပ်လျဉ်း၍ ဘင်္ဂလား ပင်လယ်အော်အတွင်း၌ မုန်တိုင်းသတင်းရရှိသည့် အချိန်ကပင်စတင်၍ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးများကို နေ့စဉ်ကျင်းပဆောင် ရွက်ခဲ့ပြီး ကြိုတင်ပြင်ဆင်မှုများကို တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်မှ ကျေးလက်ဒေသအဆင့်အထိရောက်ရှိစေ၍ ဖြစ်ပေါ် လာမည့်ဘေးအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်ကာ ကျန်းမာ ရေးဝန်ထမ်းများနှင့် လူနာများ ဘေးအန္တရာယ်ကင်း ရေး၊ နိုင်ငံတော်ပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု အနည်း ဆုံးဖြစ်ရေး၊ ဘေးအန္တရာယ်ကျရောက်ပြီးပါက ကျန်းမာရေးစောင့်ရှောက်မှုများအမြန်ဆုံးပေးအပ် ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် အဘက်ဘက် မှ ကြိုတင်စီစဉ်အားဖြည့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုတင်စီစဉ်အားဖြည့်ဆောင်ရွက်ထား ရှိသည်နှင့်အညီ မိုခါမုန်တိုင်းဘေးအန္တရာယ် ကျရောက် သည့်ဒေသများတွင် ပြည်သူများအတွက် ကျန်းမာ ရေးစောင့်ရှောက်မှုများကို မေ ၁၅ ရက်မှစတင်၍ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များ၊ အထူးကုဆေးအဖွဲ့ များနှင့် ဆေးအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်ရှိမြို့နယ်များတွင် သွားရောက်တာဝန်ထမ်းဆောင်နေသည့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးဆေးအဖွဲ့များအဖြစ် စစ်တွေ မြို့နယ်တွင် ဆေးတက္ကသိုလ်(၁)နှင့် ဆေးတက္ကသိုလ် (၂)တို့မှ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးအဖွဲ့များအပါအဝင် ဆေးအဖွဲ့ ၁၀ ဖွဲ့ ရောက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပြီး အထူးကု ဆရာဝန်ကြီးများသည် အထူးကုဆေးအဖွဲ့များနှင့် အတူ စစ်တွေမြို့ပေါ်ရှိ လေဘေးသင့်ဘုန်းတော်ကြီး ကျောင်းများ၊ သီလရှင်ကျောင်းများ၊ ရပ်ကွက်ကျေးရွာ များသို့သွားရောက်၍ အထူးကုနယ်လှည့် ဆေးကုသ မှုများ ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်ရှိမြို့နယ်များတွင် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး အထူးကုဆေးအဖွဲ့များနှင့် ဆေးအဖွဲ့များအနေဖြင့် မင်းပြားမြို့နယ်တွင် ဆေးအဖွဲ့ ရှစ်ဖွဲ့၊ ရသေ့တောင်မြို့နယ်တွင် ဆေးအဖွဲ့ နှစ်ဖွဲ့၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် ဆေးအဖွဲ့ ခုနစ်ဖွဲ့၊ ပေါက်တောမြို့နယ်တွင် ဆေးအဖွဲ့နှစ်ဖွဲ့၊ မာန်အောင် မြို့နယ်တွင် ဆေးအဖွဲ့ ရှစ်ဖွဲ့၊ မြေပုံမြို့နယ်တွင် ဆေး အဖွဲ့ ၁၁ ဖွဲ့၊ ကျောက်ဖြူမြို့နယ်တွင် ဆေးအဖွဲ့ ကိုးဖွဲ့၊ ရမ်းဗြဲမြို့နယ်တွင် ဆေးအဖွဲ့သုံးဖွဲ့တို့သည် သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ ဦးဆောင်သည့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဝန်ထမ်း များနှင့်အတူ ပူးပေါင်း၍ ပြည်သူလူထုအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေး အတွက် သောက်ရေကန်၊ သုံးရေကန်များနှင့် ရေတွင်း ရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ မုန်တိုင်း ဘေးအန္တရာယ်ကျရောက်ပြီးနောက် ရေကောင်း ရေသန့်များ စဉ်ဆက်မပြတ် ရရှိစေရေးအတွက် ရေစစ်ပုံးများကို တပ်ဆင်ခြင်းနှင့် အသုံးပြုပုံကို ပညာပေးခြင်း၊ ရပ်ရွာများတွင် လှည့်လည်၍ လက်ကိုင် စပီကာများဖြင့် ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း၊ သွေးလွန်တုပ်ကွေး အပါအဝင် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ရောဂါကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ ထိခိုက်ဒဏ်ရာများကို ကုသမှုပေးခြင်း၊ အထွေထွေရောဂါများအတွက် ဆေးကုသမှုပေးခြင်းနှင့် လိုအပ်ပါက ပြည်သူ့ဆေးရုံ များသို့ ညွှန်းပို့၍ ကုသမှုပေးခြင်းတို့ကို ဆောင်ရွက် ပေးလျက်ရှိသည်။



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ ရေစစ်ပုံးအသုံးပြုနေမှုကို တွေ့ရစဉ်။

မောင်တောမြို့နယ်ဆရာဝန်ကြီးနှင့် အထူးကု သမားတော်ကြီးတို့ပါဝင်သည့် အထူးကုဆေးအဖွဲ့ သည် ရသေ့တောင်မြို့နယ် ဒုံးပိုက်ကျေးရွာသို့ မေ ၁၇ ရက်တွင် အထူးကုနယ်လှည့်ဆေးကုသမှုများ သွားရောက်ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ အထူးကု ဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးအဖွဲ့များ သည် ရခိုင်ပြည်နယ်ရှိ အခြားမြို့နယ်များသို့ အထူးကု နယ်လှည့်ဆေးကုသမှုများ သွားရောက်ဆောင် ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၌ ကျန်းမာရေးပညာပေးနေစဉ်။



ရခိုင်ပြည်နယ် သံတွဲမြို့၌ ကျန်းမာရေးပညာပေးနေစဉ်။

## တီးတိန်မြို့၌ သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**တီးတိန် မေ ၂၀**

ချင်းပြည်နယ် တီးတိန်မြို့နယ်သဘာဝဘေး ပြန်လည်ထူထောင်ရေးတာဝန်ခံ ဗိုလ်မှူးချုပ် ဝင်းကိုကိုနှင့် တာဝန်ရှိသူများက နယ်မြေခံတပ်ရင်း ခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် တီးတိန်မြို့သဘာဝ ဘေးသင့်ပြည်သူများကို ထောက်ပံ့ပွဲပြုလုပ်ခဲ့ ကြောင်း သိရသည်။

ဦးစွာ ဗိုလ်မှူးချုပ်ဝင်းကိုကိုက အမှာစကား ပြောကြားပြီး တီးတိန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းက တီးတိန်ခရိုင်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)နှင့်ပတ်သက်၍ စီစဉ် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြ သည်။ ဆက်လက်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများ အား ဗိုလ်မှူးချုပ်ဝင်းကိုကိုက ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

တီးတိန်မြို့၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စု ၂၁ စု၊ လူဦးရေ ၁၃၄ ဦး၊ စာသင် ကျောင်းသုံးကျောင်း သဘာဝဘေးဒဏ်ကျရောက်ခဲ့ ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မင်းပြားမြို့ အထက(၃)၌ ကျိုးပဲ့နေသည့်သစ်ပင်ကြီးများအား တပ်မတော်နှင့် ဌာနဆိုင်ရာများက ခုတ်ထွင်ရှင်းလင်း

**မင်းပြား မေ ၂၀**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် တွင် မိုခါမုန်တိုင်းတိုက်ခတ်ပြီး နောက် မြို့သန့်ရှင်းသာယာလှပ ရေးအတွက် ဆောင်ရွက်လျက် ရှိရာ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း လဲကျနေသော သစ်ပင်သစ်ကိုင်း များကို နယ်မြေခံတပ်မှ တပ်မတော် သားများ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ စုပေါင်းပြီး ယနေ့နံနက် ၇ နာရီက ဆက်လက်ခုတ်ထွင် ရှင်းလင်းခဲ့ သည်။



ရခိုင်ပြည်နယ် မင်းပြားမြို့နယ် အတွင်း မုန်တိုင်းဘေးသင့် ကျေးရွာများအား ပြန်လည် ထူထောင်ရေး ဆောင်ရွက်နိုင်ရန် ဗိုလ်မှူးချုပ်ခင်ဇော်၊ မင်းပြားမြို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ဝင်းကိုတို့သည် နယ်မြေခံ တပ်မတော်သားများ၊ ဌာန ဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင် များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေး ဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက အမှတ်(၃) အခြေခံပညာ အထက်တန်း ကျောင်း အဆောက်အအုံများ၊ ခြံဝင်း၊ ကျောင်းရှေ့လမ်း၊ ခြံစည်း ရိုးနှင့် ရေနုတ်မြောင်းများတွင် ကျိုးကျပျက်စီးနေသောသွပ်များ၊ အမှိုက်များ ခုတ်ထွင်ရှင်းလင်း ရာသို့ သွားရောက်ကြည့်ရှုကာ အားပေးစကား ပြောကြား သည်။

ဆက်လက်၍အမှတ်(၂)အခြေခံ ပညာ အထက်တန်းကျောင်း ခေါင်မိုး ပျက်စီးဆုံးရှုံးနေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့အား လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့်ပို့ဆောင်

နေပြည်တော် မေ ၂၀



အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာကမ်းထိုးရေယာဉ်ပထမအစင်းသည် စစ်ထောက်ချုပ်ရုံးမှ ရေသယ်ယာဉ်တစ်စီး၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းမှ ဒီဇယ်ဆီကိုးလုံး၊ နယ်မြေခံခဲယမ်းမီးကျောက်တပ်ရင်းမှ ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်းကုန်တန်ချိန် ၁၀ တန်တို့အားလည်းကောင်း၊ ၂၉မီတာကမ်းထိုးရေယာဉ်ဒုတိယမြောက်အစင်းသည် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်မှ ကယ်ဆယ်ရေး ဆန်အိတ် ၈၀ ၊ ရေသန့်ဘူး ၄၀၀ စုစုပေါင်း ကုန်တန်ချိန် ၄ ဒသမ ၅ တန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၇၂ ဦးတို့အားလည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ်တတိယမြောက်အစင်းသည် စစ်ထောက်ချုပ်ရုံးမှ Sino Truck ယာဉ်တစ်စီး၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းမှ ဒီဇယ်ဆီ ရှစ်လုံး၊ နယ်မြေခံခဲယမ်းမီးကျောက်တပ်မှ ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်းကုန်တန်ချိန် ၉ ဒသမ ၈ တန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၃ ဦးတို့ကိုလည်းကောင်း ယနေ့နံနက်ပိုင်းတွင် ရေချမ်းပြင်ချောင်းဝအနီးမှ တင်ဆောင်၍ ရသေ့တောင်သို့ ပို့ဆောင်ပေးခဲ့ပြီးနောက် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထပ်မံသယ်ဆောင်ပေးရန်အတွက် ရေချမ်းပြင်၌ ပြန်လည်အခြေပြုခဲ့သည်။

အလားတူ တင့်ကားတင်ကမ်းထိုးရေယာဉ်တစ်စင်းသည် စစ်ရေးချုပ်ရုံးမှ SENO TRUK ယာဉ်နှစ်စီး၊ TA TA ယာဉ်တစ်စီး၊ ကယ်ဆယ်ရေးကြိုးခွေ ၁၀ ခွေ၊ ယာဉ်အုပ်ချုပ်မှုပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်းငါးမျိုး၊ ထောက်ပံ့ရေးရိက္ခာအထုပ် ၅၀၀၊ မီးစက်တစ်လုံး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ MAL TRUK နှစ်စီး၊ DOYUNG တစ်စီး၊ TA TA တစ်စီး၊ မိုးကာတဲအလုံး ၅၀၊ တာပေါ်လင်ချပ် ၁၆၀၊ ဒီဇယ်ဆီခြောက်လုံး၊ ဆက်သွယ်ရေးစက်နှင့် ဆက်စပ်ပစ္စည်းများ ငါးမျိုး၊ လျှပ်စစ်နှင့် အပိုပစ္စည်းကိရိယာငါးမျိုး၊ Kubota မီးစက်အသေးတစ်လုံး၊ နယ်ခြားစောင့်တပ်ဖွဲ့မှ အမဲစည်သွပ် ၂၂၈ ဖာ၊ စားတော်ပဲစည်သွပ် ၅၂၉ ဖာ၊ သွပ်ပြားချပ် ၅၀၀၊ မိုးကာလိတ် ၂၀၊ ရွက်ဖျင်တဲခြောက်လုံး၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ စစ်ဝတ်အထုပ် ၆၀ စုစုပေါင်းကုန်တန်ချိန် ၈၀ ဒသမ ၅ တန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁၁ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် မင်းဂံကမ်းထိုးရပ်၌ တင်ဆောင်၍ အငူမော်သို့ ပို့ဆောင်ပေးခဲ့သည်။

ထို့နောက် မေ ၁၆ ရက်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီမှ ဆန်အိတ် ၁၂၅၀၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ သွပ်ချပ် ၈၀၀၀၊ သွပ်သံ ၁၇ ဖာ၊ စားအုန်းဆီ ၁၁၄၄ ဖာ၊ သွားတိုက်ဆေးဘူး ၆၆၇ ဖာ၊ သွားတိုက်တံဖာ ၈၀၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မှတ်ပုံတင်တောင်းခံလွှာပုံစံများ ၄၈ ထုပ်၊ မြန်မာ့မီးရထားမှ တာပေါလင် ၁၅ ချပ်၊ မီးစက် နှစ်လုံး၊ ချိန်းဆော နှစ်လက်၊ Water Pump တစ်ခု၊ ပို့ဆောင်ရေးမှ တာပေါလင်ငါးလိတ်၊ မီးစက်နှစ်လုံး၊ သုံးမူးနိုင်လွန်ကြိုးသုံးခွေ၊ ချိတ်ကွင်း (၁၀၀၀) ခုပါ တစ်ထုပ်၊ စက်ပစ္စည်းနှစ်ထုပ်၊ ရိက္ခာခြောက်ချပ်ဖာသုံးခု၊ ဖယောင်းပုဆိုး တစ်လိတ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မီးစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆန်အိတ် ၇၀၊ ဆီဘူး ၇၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကော်ပုံးနှင့် ဒန်အိုးများ စုစုပေါင်းကုန်တန်ချိန် ၆၆၀ တို့ကို တင်ဆောင်၍ ရန်ကုန်မြို့မှ ထွက်ခွာလာသော စစ်ရေယာဉ်(ပြည်တော်အေး-၂)သည် ယနေ့ညနေပိုင်းတွင် စစ်တွေမြို့ Essar တံတားသို့ရောက်ရှိခဲ့ပြီး သယ်ဆောင်သွားသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ■ ကျောဖုံးမှ

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိတပ်များမှ စစ်သည်များနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များပါဝင်သည့် အင်အား ၃၉ ဦးနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဝန်ကြီးဌာနများနှင့် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသည့် အိမ်သာခွက်များ၊ အိမ်သာပိုက်များ၊ မိုးကာလိပ်များ၊ တာပေါလင်များ၊ ရေပိုက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များ၊ လူ ၄၀ ဆံ့ မိုးကာတဲများ၊ လူ၁၀ ဦးဆံ့ မိုးကာတဲများ၊ ရေသန့်ဘူးများ၊ အာလူးအိတ်များ၊ ကြက်သွန်နီအိတ်များ၊ ကြက်သွန်ဖြူအိတ်များ၊ အခြားစားသောက်ဖွယ်ရာများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် ငါးကြိမ် ပို့ဆောင်ပေးခဲ့သည်။

အလားတူ ယနေ့တွင်လည်း တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ စေတနာရှင်၊ အလှူရှင်များနှင့် အိန္ဒိယနိုင်ငံကလှူဒါန်းသည့် ရေစက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ရေသန့်စင်ဆေးပုံးများ၊ ရေသန့်စက်ပစ္စည်းများ၊ ရေပိုက်များ၊ မိုးကာလိပ်များ၊ အိမ်သာခွက်များ၊ ဆေးပစ္စည်းများ၊ ရွက်ဖျင်တဲများ၊ ချိန်းဆောများ၊ တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများ၊ ကြက်ဥဖာများ၊ ကြက်/ဝက်အူချောင်းဖာများ၊ မီးစက်များ၊ အိမ်ဆောက်သံများ၊ တူးရွင်းပြားများ၊ သံတူးရွင်းများ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ရေတုန်ကင်များ၊ အဝတ်အထည်များ၊ ရေခဲသေတ္တာများ၊ CPL ယာဉ်တစ်စီး၊ ဘဲဥများ၊ အခြားစားသောက်ဖွယ်ရာများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် ခုနစ်ကြိမ် ပို့ဆောင်ပေးခဲ့သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိတပ်များမှ စစ်သည် ၁၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၂၄၂ ဦးကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တံတားဦးလေဆိပ်မှ စစ်တွေလေဆိပ်သို့ ယနေ့တွင် တပ်မတော်လေယာဉ်ဖြင့် လေးကြိမ် ပို့ဆောင်ပေးခဲ့ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် စုစု ပေါင်း ၆၀၀ ထိ ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၅-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၅ | ၂၀၄၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၇၅ | ၂၀၆၀ | ၂၀၃၅ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၀ | ၂၇၀၀ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၅ | ၂၁၀၅ | ၂၁၄၅ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၀ | ၂၂၃၀ | ၂၂၄၅ | ၂၁၃၅ | ၂၁၅၅ | ၂၁၈၀ | ၂၁၈၅ | ၂၁၈၅ | ၂၄၁၅ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၂၅ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၁၉၇၅ | ၁၉၉၅ | ၁၉၉၅ | ၁၉၆၀ | ၂၀၈၀ | ၂၀၇၅ | ၁၉၆၅ | ၁၉၈၀ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၄၅ | ၂၈၀၅ |
| HSD (50 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၅ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၆၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၈၆၅ |
| HSD (10 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၅ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၆၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၉ | ၁၉၇၁ |
| 95 Ron | ၁၉၉၀ | ၂၀၆၃ |
| HSD (500 ppm) | ၁၈၂၈ | ၁၈၉၄ |
| HSD (50 ppm) | ၁၉၀၂ | ၁၉၆၉ |
| HSD (10 ppm) | ၁၉၀၂ | ၁၉၆၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၇၄၆၀ စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၉ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၄၆၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၃၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၅၆၄,၂၇၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၇,၉၅၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၆,၈၀၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ❂ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ

သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြစ်မှုကျူးလွန်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိရေးအတွက် နေ့/ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တရားမျှတမှုကို လိုလား၍ အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့မှုများကြောင့် မေ ၁၂ ရက် နံနက်ပိုင်းတွင် ဦးစိုင်းကျော်သူအား လုပ်ကြံသတ်ဖြတ်ရာတွင် စက်ဘီးဖြင့် အခြေအနေကြည့်ရှုပေးသူ တရားခံ **အာကာထက်ကျော် (ခ)အောင်သုခ**ကို Glock ပစ္စတို တစ်လက်၊ ၉ မမ ကျည်အတောင့်၂၀တို့နှင့်အတူ စမ်းချောင်းမြို့နယ် လင်းလွန်းမြောက်ရပ်ကွက် ဇလွန်လမ်း (၅)လွှာ(A) အိမ်အမှတ် (၃၅)၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **အာကာထက်ကျော်(ခ)အောင်သုခ** ၏ ထွက်ဆိုချက်အရ ယင်းနေ့ နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)ရပ်ကွက် သုမိတ္တာ(၁၀)လမ်း အိမ်အမှတ်(၄၀၇)၌ တရားခံ **ရဲကျော်ပိုင်(ခ)မောင်ကြီး**ကို လက်လုပ်သေနတ်ကိုယ်ထည် တစ်ခု၊ လက်ပစ်ဗုံး တစ်လုံး၊ ၅ ဒသမ ၅၆ ကျည် ၁၀ တောင့်၊ ပွိုင့် ၃၈၀ ကျည် ၁၀ တောင့်၊ ၁၂ ဗို့ကျည် ငါးတောင့်၊ ကျည်ကာအင်္ကျီ ရှစ်ထည်၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ဖြင့်လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆၃)ရပ်ကွက် ရွှေတောင်ကြား(၅)လမ်း အိမ်အမှတ်(၉၆၄၀)၌ တရားခံ **ငြိမ်းမောင်(ခ)ငြိမ်းချမ်းအောင်**ကို Laptop တစ်လုံး၊ လက်ကိုင်ဖုန်း နှစ်လုံး၊ ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာနှင့် ကော့ဒွန်းကျေးရွာ အုပ်ချုပ်ရေးမှူးတံဆိပ်တုံး နှစ်ခု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတံဆိပ်တုံး နှစ်ခုတို့ဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ငြိမ်းမောင်(ခ)ငြိမ်းချမ်းအောင်**၏ ထွက်ဆိုချက်အရ ယင်းနေ့ မွန်းလွဲပိုင်းတွင် ဦးစိုင်းကျော်သူကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သူများဖြစ်သည့် တရားခံ **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်**ကို ကမာရွတ်မြို့နယ် အင်းစိန်လမ်းနှင့် ဦးထွန်းလင်းခြံလမ်းဆုံ၌လည်းကောင်း၊ တရားခံ **စိုးသူ(ခ)Red(ခ)ကောင်းဝေ**ကို မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၁)ရပ်ကွက် ပုလဲရွှေဝါလမ်းသွယ်(၂) အိမ်အမှတ်(၆၂၀)တွင် Sig Sauer ပစ္စတို တစ်လက်၊ ၉ မမ ကျည် ၁၁ တောင့်တို့ဖြင့်လည်းကောင်း၊ ဦးစိုင်းကျော်သူအား လုပ်ကြံသတ်ဖြတ်ရာတွင် စက်ဘီးဖြင့် အခြေအနေကြည့်ရှုပေးသူ တရားခံ **မင်းဆက်(ခ)အောင်သူဟန်**ကို မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၁)ရပ်ကွက် ပုဂံလမ်းပေါ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်** ၏ ထွက်ဆိုချက်အရ ယင်းနေ့ ညနေပိုင်းတွင် ဆက်စပ်တရားခံများဖြစ်သည့် **ချစ်ကိုကို** အား ဒလမြို့နယ် အံ့ကြီးအနောက်ရပ်ကွက် အနော်ရထာလမ်းမကြီး အိမ်အမှတ်(၇၁၆)တွင်လည်းကောင်း၊ **ကျော်လွင်ဦး** အား ဒလမြို့နယ် အံ့ကြီးအရှေ့ရပ်ကွက် ဖိုးရာဇာလမ်း အိမ်အမှတ် (၂၉၉)၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ဖမ်းဆီးရမိတရားခံ **အာကာထက်ကျော်(ခ)အောင်သုခ**၏ ထွက်ဆိုချက်အရ မေ ၁၄ ရက်တွင် ဆက်စပ်တရားခံ **ပန်းအေး(ခ) ကိုမျိုး**ကို ရွှေပြည်သာမြို့နယ် အမှတ်(၁၆)ရပ်ကွက် ရန်ပြေမာန်ပြေသာမဏ္ဍာစာသင်တိုက်၌လည်းကောင်း၊ မေ ၁၆ ရက်တွင် ဆက်စပ်တရားခံ **လပြည့်အိမ်(ခ)ကိုရှိုင်း**ကို မြောက်ဥက္ကလာပမြို့နယ် (ဃ) ရပ်ကွက် အဝိုင်းမှတ်တိုင်အနီး၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ၁၀ ဦးကို ပစ္စတို နှစ်လက်၊ လက်လုပ်သေနတ်ကိုယ်ထည် တစ်ခု၊ လက်ပစ်ဗုံး တစ်လုံး၊ ကျည်မျိုးစုံ ၅၆ တောင့်၊ ကျည်ကာအင်္ကျီ ရှစ်ထည်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတံဆိပ်တုံး နှစ်ခု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတံဆိပ်တုံး နှစ်ခု၊ Laptop တစ်လုံး၊ လက်ကိုင်ဖုန်း လေးလုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **စိုးသူ(ခ)Red(ခ)ကောင်းဝေ**၊ **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်** နှင့် **အာကာထက်ကျော်(ခ)အောင်သုခ** တို့သည် ၂၀၂၂ ခုနှစ်ဧပြီလတွင်လေးကေ့ကော်ကျေးရွာအနီးရှိ KNLA တပ်မဟာ(၆)လက်အောက်ခံ တောတွင်းစခန်းနေရာ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တစ်လ တက်ရောက်ခဲ့ပြီး **ရဲကျော်ပိုင်(ခ)မောင်ကြီး**သည် ၂၀၂၂ ခုနှစ် မတ်လတွင် ကျိုက်ထိုမြို့နယ်အတွင်းရှိ KNLA တပ်မဟာ(၁)လက်အောက်ခံ တောတွင်းစခန်းနေရာ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တစ်လ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းကျော်သူအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် Yangon Revolution Force-YRF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိမှု အခြေပြဇယား

#### အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်သူများ


ဇင်မျိုးဦး(ခ)Flash(ခ) သားငယ်


စိုးသူ(ခ) Red (ခ) ကောင်းဝေ


မင်းဆက်(ခ)အောင်သူဟန်


အာကာထက်ကျော်(ခ) အောင်သုခ

#### အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်မှုများတွင် စောင့်ကြည့်ပေးသူများ


ရဲကျော်ပိုင်(ခ)မောင်ကြီး


ငြိမ်းမောင်(ခ)ငြိမ်းချမ်းအောင်


ချစ်ကိုကို


ကျော်လွင်ဦး


ပန်းအေး(ခ) ကိုမျိုး

#### ကူညီထောက်ပံ့ပေးသူ


လပြည့်အိမ်(ခ)ကိုရှိုင်း

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်လျက် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် Yangon Revolution Force – YRF အမည်ခံ အကြမ်းဖက်အဖွဲ့အား ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ဥက္ကာလင်းယံ**နှင့် **Jame** တို့က ခေါင်းဆောင်၍ **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်**၊ **စိုးသူ(ခ)Red(ခ)ကောင်းဝေ**၊ **မင်းဆက်(ခ)အောင်သူဟန်**၊ **အာကာထက်ကျော်(ခ)အောင်သုခ**၊ **ရဲကျော်ပိုင်(ခ)မောင်ကြီး**၊ **ငြိမ်းမောင်(ခ)ငြိမ်းချမ်းအောင်**၊ **ချစ်ကိုကို**၊ **ကျော်လွင်ဦး**နှင့် ဖမ်းဆီးရန် ကျန်တရားခံများဖြစ်သည့် **စိုးမိုးထွဋ်(ခ)တိုက်ဂါး**၊ **မင်းဟိန်းကျော်(ခ)လရောင်**၊ **လူမင်းထွေး (ခ)ကိုရှိုင်း**၊ **ဆိတ်ဖွား(ခ)ရဲကျော်**၊ **ဘိုမက်**၊ **ညီညီနိုင်(ခ)သံမဏိ**၊ **မလပ်ကီး**၊ **ကယ်ဗင်**၊ **ဂျိုကာ**၊ **5 P**၊ **ကျားကြီး**၊ **စောဟင်နရီထူး(ခ)အောင်လ** အပါအဝင် ၂၂ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။


၂၀၂၃ ခုနှစ် ဧပြီ ၂၂ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂) ရပ်ကွက် ဝေဇယန္တာလမ်းပေါ်၌ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းကျော်သူ(သေဆုံး)၏ မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်တရားခံ **Jame** သည် KNLA တပ်မဟာ(၆) လှူပ်ရှားနယ်မြေအတွင်း ခိုအောင်းနေထိုင်လျက်ရှိပြီး အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG တို့နှင့် ချိတ်ဆက်၍ ငွေကြေးကူညီထောက်ပံ့မှုများရယူကာ လက်နက်/ခဲယမ်းများ ဝယ်ယူ၍ ရန်ကုန်မြို့အတွင်း၌ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ထို့အပြင် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG တို့သည် ၎င်းတို့ လုပ်ကြံသတ်ဖြတ်လိုသူများ၏ အချက်အလက်များ၊ ဓာတ်ပုံများကို ဖမ်းဆီးရန်ကျန်တရားခံ **Jame** မှတစ်ဆင့် ပေးပို့စေခိုင်းလျက်ရှိပြီး လုပ်ကြံသတ်ဖြတ်မှု တစ်ကြိမ်လျှင် ပစ်ခတ်လုပ်ကြံသူအား ငွေကျပ် ငါးသိန်း၊ အခြေအနေကြည့်ရှုပေးသူကို ငွေကျပ် တစ်သိန်း ထောက်ပံ့ပေးကြောင်း၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် Glock ပစ္စတို တစ်လက်၊ Sig Sauer ပစ္စတို တစ်လက်၊ ၉ မမကျည် အတောင့် ၁၀၀ တို့ကို ဖမ်းဆီးရန် ကျန်တရားခံ **Jame** က ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် YRF အမည်ခံအကြမ်းဖက်အဖွဲ့ခေါင်းဆောင် **ဥက္ကာလင်းယံ**နှင့် **Jame** တို့၏ ခိုင်းစေမှုဖြင့် ရန်ကုန်မြို့အတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်မှု ရှစ်ကြိမ်ကျူးလွန်ခဲ့ကြောင်း-

- ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်** သည် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ဥက္ကာလင်းယံ**နှင့် **Jame** တို့၏စေခိုင်းမှုဖြင့် မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက် တေးနုယဉ်လမ်းနေ Mytel ရုံးချုပ်မှ အထွေထွေမန်နေဂျာ **ဦးသိန်းအောင်**နှင့် ဇနီးဖြစ်သူ **ဒေါ်သိမ့်အောင်သူ**တို့ကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

**စာမျက်နှာ ၁၉ သို့** ❂


၂၀၂၃ ခုနှစ် မေ ၁၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)ရပ်ကွက် သုမိတ္တာ(၁၀)လမ်း အိမ်အမှတ်(၄၀၇)၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


၂၀၂၃ ခုနှစ် မေ ၁၂ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆၃)ရပ်ကွက် ရွှေတောင်ကြား(၅)လမ်း အိမ်အမှတ်(၉၆၄၀)၌ သိမ်းဆည်းရမိခဲ့သည့်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


၂၀၂၃ ခုနှစ် မေ ၁၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၁)ရပ်ကွက် ပုလဲရွှေဝါလမ်းသွယ်(၂) အိမ်အမှတ်(၆၂၀)၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။


Mytel ရုံးချုပ်မှ အထွေထွေမန်နေဂျာ ဦးသိန်းအောင်(သေဆုံး)


ဦးမင်းသိန်း(ခ)အရှည်ကြီး (သေဆုံး)


ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေလင်းအောင်(သေဆုံး)


ဦးတင့်လွင်(စိုးရိမ်ရ ဒဏ်ရာရ)


ဦးဝင်းနိုင်(သေဆုံး)


ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးစိုး(စိုးရိမ်ရဒဏ်ရာရ)


ဦးအောင်ညီထွန်း(စစ်မှုထမ်းဟောင်း)(သေဆုံး)


ဦးသန်းထွန်း(စိုးရိမ်ရဒဏ်ရာရ)


ဦးအောင်မျိုးဆွေ(သေဆုံး)


ဦးဝင်းညွန့်(မစိုးရိမ်ရ ဒဏ်ရာရ)


ဦးခင်မောင်သိန်း(သေဆုံး)


ဦးဝင်းလှိုင်(သေဆုံး)


ဒေါ်ကြည်ခိုင်ဝင်း(သေဆုံး)

✪ **စာမျက်နှာ ၁၈ မှ**

- ၂၀၂၂ ခုနှစ် ဇွန် ၆ ရက်တွင် **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်**သည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ** ၏ စေခိုင်းမှုဖြင့် မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် နှယ်သာကီ(၃)လမ်းပေါ်၌ အပြစ်မဲ့ပြည်သူ **ဦးမင်းသိန်း(ခ)အရှည်ကြီး** ကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **စိုးသူ(ခ)Red(ခ)ကောင်းဝေ** က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- ဇွန် ၂၅ ရက်တွင် **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **ကျားကြီး** တို့သည် ဖမ်းဆီးရန်ကျန် တရားခံ **ဥက္ကာလင်းယံ** ၏ စေခိုင်းမှုဖြင့် ကွမ်းခြံကုန်းမြို့နယ် ကော့ဒွန်းကျေးရွာအုပ်ချုပ်ရေးမှူး **ဦးနေလင်းအောင်**ကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ငြိမ်းမောင်(ခ)ငြိမ်းချမ်းအောင်**က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- ဇူလိုင် ၁ ရက်တွင် **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်** သည် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဥက္ကာလင်းယံ**နှင့် **Jame** တို့၏ စေခိုင်းမှုဖြင့် မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် မေယု(၄)လမ်း "ပြည့်ဝမေ" လက်ဖက်ရည်ဆိုင်ရှေ့တွင် အပြစ်မဲ့ပြည်သူ **ဦးတင့်လွင်**ကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **စိုးသူ(ခ)Red(ခ)ကောင်းဝေ**က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- ဩဂုတ် ၃ ရက်တွင် **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်**သည် ဖမ်းဆီးရန်ကျန် တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် ရွှေပြည်သာမြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ **ဦးဝင်းနိုင်**ကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ပန်းအေး(ခ)ကိုမျိုး**က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- အောက်တိုဘာ ၂၆ ရက်တွင် **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်**နှင့် **မင်းဆက်(ခ)အောင်သူဟန်**တို့ နှစ်ဦးသည် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဥက္ကာလင်းယံ**နှင့် **Jame** တို့၏ စေခိုင်းမှုဖြင့် မြောက်ဥက္ကလာပမြို့နယ် (ဌ)ရပ်ကွက် စကားဝါလမ်းနှင့် သဇင်လမ်းထောင့်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး **ဦးစိုးစိုး**ကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **စိုးသူ(ခ)Red(ခ)ကောင်းဝေ**က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၃ ခုနှစ် ဧပြီ ၁၈ ရက်တွင် **အာကာထက်ကျော်(ခ)အောင်သုခ**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **စောဟင်နရီထူး(ခ)အောင်လ**တို့ နှစ်ဦးသည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက် ထန်းပင်ကုန်းလမ်းတွင် စစ်မှုထမ်းဟောင်း **ဦးအောင်ညီထွန်း**နှင့် အပြစ်မဲ့ပြည်သူများဖြစ်သော **ဦးအောင်မျိုးဆွေ၊ ဦးခင်မောင်သိန်း**တို့ သုံးဦးကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ကျော်လွင်ဦး၊ ချစ်ကိုကို၊ ရဲကျော်ပိုင်(ခ)မောင်ကြီး**နှင့် **ငြိမ်းမောင်(ခ)ငြိမ်းချမ်းအောင်**တို့လေးဦးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၃ ခုနှစ် ဧပြီလပထမပတ်တွင် ဖမ်းဆီးရန်ကျန်တရားခံ **Jame** က ရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် **ဦးစိုင်းကျော်သူ**နှင့်ပတ်သက်သည့် အချက်အလက်များနှင့် ဓာတ်ပုံများပေးပို့ခဲ့ပြီး လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့ကြောင်း၊ သို့ဖြစ်၍ **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်**နှင့် **စိုးသူ(ခ)Red(ခ)ကောင်းဝေ**တို့က **ဦးစိုင်းကျော်သူ**ကို ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ရန်၊ **မင်းဆက်(ခ)အောင်သူဟန်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ဘိုမက်**တို့က အခြေအနေစောင့်ကြည့်ပေးရန် တာဝန်ခွဲဝေခဲ့ပြီး ဦးစိုင်းကျော်သူ ရန်ကုန်မြို့သို့ လာရောက်ချိန်တွင် သွားလာတတ်သည့် နေရာများ၊ ဦးစိုင်းကျော်သူ၏ ဇနီး အလုပ်လုပ်သည့် "အောင်ရတနာ"အထူးကုဆေးရုံဝန်းကျင်ရှိ ဝင်လမ်း/ထွက်လမ်းနေရာများကို အချိန်ယူ၍ ကြိုတင်အခြေအနေ ကြည့်ရှုခဲ့ကြောင်း၊ ဧပြီ ၂၂ ရက်တွင် ဦးစိုင်းကျော်သူသည် "အောင်ရတနာ"အထူးကုဆေးရုံမှ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဝေဇယန္တာလမ်းပေါ်၌ **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်**နှင့် **စိုးသူ(ခ)Red(ခ)ကောင်းဝေ**တို့က ပစ္စတိုနှစ်လက်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **မင်းဆက်(ခ)အောင်သူဟန်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ဘိုမက်**တို့က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့အပြင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် YRF အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် **ဥက္ကာလင်းယံ**နှင့် **Jame** တို့၏ ခိုင်းစေမှုဖြင့် ရန်ကုန်မြို့အတွင်း ပစ်ခတ်တိုက်ခိုက်မှု သုံးကြိမ်နှင့် မိုင်းထောင်ဖောက်ခွဲမှု သုံးကြိမ် ဆောင်ရွက်ခဲ့ကြောင်း-

- ၂၀၂၂ ခုနှစ် မေ ၂၈ ရက်တွင် **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်**သည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် ရွှေပြည်သာမြို့နယ် အမှတ်(၁၄)ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား ပစ္စတိုဖြင့် သွားရောက်ပစ်ခတ်ခဲ့ရာတွင် အပြစ်မဲ့ပြည်သူများဖြစ်သည့် ဦးဝင်းလှိုင် သေဆုံးခဲ့ပြီး ဦးဝင်းညွန့်နှင့် ဦးသန်းထွန်းတို့ (စိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ကြောင်း။
- ဩဂုတ် ၃ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **စောဟင်နရီထူး(ခ)အောင်လ၊ ဘိုမက်**နှင့် **ကျားကြီး**တို့ သုံးဦးသည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် ကွမ်းခြံကုန်းမြို့နယ် တော်လန်းရဲကင်းစခန်းအား ပစ္စတိုနှစ်လက်ဖြင့် သွားရောက်ပစ်ခတ်ရာတွင် **ငြိမ်းမောင်(ခ)ငြိမ်းချမ်းအောင်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ် ဩဂုတ်လ(စတုတ္ထပတ်)တွင် **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်**သည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် လှိုင်မြို့နယ်ရှိ ယာဉ်ထိန်းရုံးအား လက်လုပ်မိုင်းတစ်လုံးဖြင့် သွားရောက်ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် မတ်လတွင် **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်**သည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် မေဓာဝီလမ်း "လကမ္ဘာ" ဆေးခန်းအနီးရှိ "ဘဘကြီး" စားသောက်ဆိုင်အား လက်လုပ်မိုင်း တစ်လုံးဖြင့် သွားရောက်ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။
- ဧပြီ ၁၄ ရက်တွင် **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်**သည် ဖမ်းဆီးရန်ကျန် တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား ပစ္စတိုဖြင့် သွားရောက်ပစ်ခတ်ခဲ့ရာ အပြစ်မဲ့ပြည်သူ ဒေါ်ကြည်ခိုင်ဝင်း သေဆုံးခဲ့ကြောင်း။
- ဧပြီ ၁၆ ရက်တွင် **ဇင်မျိုးဦး(ခ)Flash(ခ)သားငယ်**သည် ဖမ်းဆီးရန်ကျန် တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် မြောက်ဥက္ကလာပမြို့နယ် မြရတနာလမ်းမှ မောင်းနှင်လာသည့် လုံခြုံရေးယာဉ်တစ်စီးအား လက်လုပ်မိုင်းတစ်လုံးဖြင့် သွားရောက်ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကနိုင်းဒါးကျေးရွာနေ ခင်သန်းသည် ၎င်းအသုံးပြုသည့် “Khin Than” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကျောက်ကြီးမြို့နယ်၌ လျှပ်စစ်မီးပြတ်တောက်နေသဖြင့် ပြင်ဆင်နေစဉ် KNU/PDF ပူးပေါင်းအဖွဲ့၏ ချောင်းမြောင်းတိုက်ခိုက်ခံရ၍ သေဆုံးသူကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၁၀ သိန်း ထောက်ပံ့

ကျောက်ကြီး မေ ၂၀

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ လျှပ်စစ်မီး ပြတ်တောက်နေသဖြင့် ဒေသခံပြည်သူများ၊ ဌာနတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ပြုပြင်နေစဉ် ယနေ့ နံနက်ပိုင်းက KNU/PDF ပူးပေါင်းအဖွဲ့က ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဖြစ်စဉ်မှာ မေ ၄ ရက်က ကျောက်ကြီး-နတ်သံကွင်း ကားလမ်းမပေါ်ရှိ RCC ကွန်ကရစ် ပေါက်မြောင်းတံတားအနီးတစ်ဝိုက် KNU/PDF ပူးပေါင်းအကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် 33KVA ၁၂ မီတာ ဓာတ်တိုင်နှစ်တိုင် ပျက်စီးခဲ့ကြောင်း၊ သို့ဖြစ်၍ ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က ကျောက်ကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်သက်ဆိုင်ရာတာဝန်ရှိသူများ စုပေါင်းပြီး ပြိုလဲသွားသော ဓာတ်တိုင်ကို အစားထိုးထူမတ်ခြင်း၊ တိုင်ပေါ်တက်၍ ကြွေသီးလဲခြင်း ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဓာတ်တိုင်ပေါ်သို့ ကြွေသီးတပ်စဉ် ဦးစောလပြည့် (ဘ) ဦးမောင် (ပြင်ပကျွမ်းကျင်လုပ်သား) မှာ ချောင်းမြောင်းပစ်ခတ်ခံရမှုကြောင့် နေရာတွင် ပွဲချင်းပြီးသေဆုံးသွားခဲ့ကြောင်း သိရသည်။ ကျောက်ကြီးမြို့နယ်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဓာတ်တိုင်နှစ်တိုင်ကို ဖောက်ခွဲဖျက်ဆီးခဲ့သည့် မေ ၄ ရက်ကတည်းက လျှပ်စစ်မီးရရှိခြင်းမရှိဘဲ ကျောက်ကြီးမြို့နယ် ပြည်သူများ အခက်အခဲကြုံတွေ့ခံစားနေရသည်ကို ယခုအကြမ်းဖက်အဖွဲ့၏ ပစ်ခတ်ခံရသူက အသက်ကို ပဓာနမထားဘဲ ပြည်သူအကျိုး ရှေးရှု၍ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါဆောင်ရွက်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျန်ရစ်သူမိသားစုဝင်များအား ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ပြီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)


### “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်”

